မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၄)၊ အမှတ်(၉၅)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အလေးအမြတ် မော်ကွန်းတင်ထားရမည်

မြန်မာ့လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြသည့် တိုင်းရင်းသားပြည်သူများ၏ ရင်နှစ်သည်းချာများဖြစ်ကြသော တပ်မတော်သားများ၊ နိုင်ငံ့ဝန်ထမ်းများနှင့်တကွ ပြည်ထောင်စုတိုင်းရင်းသား အားလုံး စည်းလုံးညီညွတ်စွာ ကြိုးပမ်းစွမ်းဆောင်မှုဖြင့် ရရှိခဲ့သော အောင်ပွဲများကို အလေးအမြတ် မော်ကွန်းတင်ထားရမည် ဖြစ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ–

နမ့်တိန် ချောင်းကူးတံတားနှစ်စင်း
ဒေသဖွံ့ဖြိုးတိုးတက်ရေး များစွာအထောက်အကူပြုမည်
ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်နေ
နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၄၇၂ သန်း ထုတ်နိုင်မည်

ရန်ကုန် ဇန်နဝါရီ ၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဒီဇင်ဘာ ၃၁ရက် နံနက် ၉နာရီ၄၅ မိနစ်တွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့်စန်မြို့သို့ ရောက်ရှိသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ■

ကျိုင်းတောင်း ရေတံခွန်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်းမြို့၏ အရှေ့တောင်ဘက် ၁၈မိုင်အကွာရှိ ကျိုင်းတောင်း ရေတံခွန်ကို ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

ဖွံ့ဖြိုးရေးအခြေခံကောင်းများ ကြိုးပမ်းတည်ဆောက် နိုင်ငံတော်အဓွန့်ရှည်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက –

"တောနှင့်မြို့ ကွာဟမှုကျဉ်းမြောင်းသွားစေရေးအတွက် ဆက်သွယ်သည့် လမ်းကြောင်းများ တိုးတက်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ကြရန်၊ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် နယ်စပ်ဒေသများ၌ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် စီမံချက်များချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်"

လမ်းညွှန်မှာကြားထားသည်။

ယင်းလမ်းညွှန်မှာကြားချက်နှင့်အညီ တပ်မတော်အစိုးရလက်ထက်တွင် ပြည်နယ်၊တိုင်းများ၏ ရေကြော၊မြေကြောများကို တစ်ဆက်တစ်စပ်တည်း ဖြစ်လာစေရန်၊ တိုင်းရင်းသားအချင်းချင်း အထိအတွေ့ အဆက်အဆံ ပိုမိုများပြားလာစေရန်တို့အတွက်လမ်း၊တံတား အခြေခံများကို ဖိဖိစီးစီး တိုးချဲ့ တည်ဆောက်ပေးခဲ့သည်။ ပြည်ထောင်စုကြီး၏ အရှေ့ဖျားမှအနောက်ဖျား၊ မြောက်ဖျားမှ တောင်ဖျား ဆက်သွယ်သွားလာမှု လွယ်ကူအဆင်ပြေစေရန် အပင်ပန်းခံ ကြိုးပမ်းစီမံဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းတွင် ကားလမ်း၊ရထားလမ်းအသစ်များနှင့်အတူ တံတားကြီးငယ် အသွယ်သွယ်သည်လည်း ပေါ်ထွန်းလာခဲ့သည်ကို တွေ့မြင်နေရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နမ့်စန်–မိုးနဲရထားလမ်း ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ၁ရက်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့၊ နမ့်စန်ဘူတာနှင့် ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ဘူတာတို့ရှိ မင်္ဂလာမဏ္ဍပ်များ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်ပြီး အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌–

"လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အသီးသီးသည် ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း၊ အနာဂတ် နိုင်ငံတော်သစ် ထူထောင်ရေးအတွက် ယခုကတည်းကပင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး မျှမျှတတဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာချမှတ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း"

ပြောကြားသွားခဲ့သည်။

ရှမ်းကုန်းမြင့်ဒေသ၌ အရှည် ၁၉၇ မိုင်ကျော်ရှိသည့် ရထားလမ်းကြီးကို တောတောင်လျှိုမြောင်များ ဖြတ်သန်းပြီး ခက်ခက်ခဲခဲဖောက်လုပ်ခဲ့ရာ၌ တပ်မတော်သားများ၏ လုပ်အားကို အဓိကအရင်းခံကာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှအင်ဂျင်နီယာများ၊ ပညာရှင်များ၊ ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှု၊ ဒေသခံပြည်သူများ၏ စောင့်ရှောက်မှုတို့ဖြင့် ပေါင်းစပ်၍ မဆုတ်မနစ်သည့် ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ခက်ခက်ခဲခဲပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။ ယခုအခါ ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နမ့်စန်–မိုးနဲ ရထားလမ်းကြီးသည် တိုင်းရင်းသားချစ်ကြည်ရင်းနှီးရေး ရထားလမ်းကြီးအဖြစ် ပီပြင်စွာ ပေါ်ထွက်လာပြီဖြစ်သည်။

ထို့ကြောင့် ရထားလမ်းဖြတ်သန်းရာ ရွှေညောင်၊ တောင်ကြီး၊ ဟိုပုန်း၊ ဆီဆိုင်၊ လွိုင်လင်၊ နမ့်စန်၊ မိုးနဲမြို့နယ်များရှိ ကျေးရွာပေါင်း၁၃၆၀ကျော်မှ ရှမ်း၊ ဗမာ၊ ပအိုဝ်း၊ ပလောင်၊ အင်းသား၊ ဓနု၊ လားဟူ၊ လီဆူး စသည့် တိုင်းရင်းသားပြည်သူ ခုနစ်သိန်းနီးပါးခန့်သည် ကားလမ်းနှင့်သာမက ရထားလမ်းဖြင့်ပါ လွယ်ကူစွာ အပြန်အလှန် ကူးသန်းသွားလာဆက်ဆံနိုင်ကြပြီ ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး လမ်းပန်းဆက်သွယ်မှု အခြေခံများကို လက်ယုက်ထိုးတည်ဆောက် ထူထောင်ပေးခဲ့သည့်အတွက် ကားလမ်းအနေဖြင့် ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်း လမ်းမိုင်စုစုပေါင်း၅၇၁၀၀ကျော်အထိ ဖြစ်ပေါ်နေပြီး ဧရာဝတီမြစ်ကူး တံတားသစ်ခုနစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတားသစ် နှစ်စင်း၊ သံလွင်မြစ်ကူးတံတားသစ် ငါးစင်း၊ စစ်တောင်းမြစ်ကူးတံတားသစ် တစ်စင်းအပါအဝင် တံတားကြီးစာရင်းဝင် တံတားပေါင်း အစင်း၂၁၀ တည်ဆောက်ပေးခဲ့ပြီး ဖြစ်သည်။

ရထားပို့ဆောင်ရေးအပိုင်းတွင်လည်း ရထားလမ်းသစ်မိုင်ပေါင်း၁၁၀၀ကျော် တိုးချဲ့ဖောက်လုပ်ပြီး ပြည်သူများအား သယ်ယူပို့ဆောင်ပေးနေပြီ ဖြစ်သည်။

သို့ဖြစ်ရာနိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက်အမှန်တကယ်လိုအပ်နေသည့် အခြေခံကောင်းများကို နိုင်ငံတော်အစိုးရက ပြည်သူများ၏အားကိုရယူပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းတည်ဆောက်နေခြင်းဖြစ်သည့်အလျောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတကာအလယ်တွင် ထည်ထည်ဝါဝါရပ်တည်ပြီး အဓွန့်ရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အင်းတိုင်တပ်နယ် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် ရော်ဘာနှင့် ကြက်ဆူပင်စိုက်ပျိုးမှုသရုပ်ပြရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၂

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် အင်းတိုင်တပ်နယ်ရော်ဘာနှင့် ကြက်ဆူပင်စိုက်ပျိုးရေး သရုပ်ပြ ရှင်းလင်းခြင်း အခမ်းအနားကိုဒီဇင်ဘာ ၃၁ ရက် နံနက် ၈နာရီက ရဲမွန်တပ်မြို့ နယ်မြေခံတပ်မဌာနချုပ် ရော်ဘာစိုက်ပျိုးရေး ရှင်းလင်းဆောင်တွင်ကျင်းပသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရတပ်မမှူးဗိုလ်မှူးချုပ် လှဌေးဝင်းက အမှာစကားပြောကြားပြီး အင်းတိုင်တပ်နယ်မှ ဗိုလ်မှူးကြီး ဘိုလွင်က တပ်နယ်အတွင်းရှိတပ်ရင်း၊ တပ်ဖွဲ့များအလိုက်ရော်ဘာနှင့်ကြက်ဆူပင်စိုက်ပျိုးရေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာနှင့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း တိုင်းမန်နေဂျာတို့က ရော်ဘာနှင့် ကြက်ဆူပင်စိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသည့် တပ်ရင်းတပ်ဖွဲ့မှူးများက ရော်ဘာနှင့် ကြက်ဆူပင်စိုက်ပျိုးရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ယင်းနောက်တပ်မမှူးဗိုလ်မှူးချုပ် လှဌေးဝင်းက တပ်နယ်အတွင်း တပ်ရင်းတပ်ဖွဲ့များရှိ မြေလွတ်မြေရိုင်းများတွင် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ရော်ဘာပင်များ တိုးချဲ့စိုက်ပျိုးရေး၊ ရော်ဘာပျိုးပင်များ ကြိုတင်စုဆောင်းရေးနှင့် ခြံစည်းရိုးကြက်ဆူပင်များကို ခြံစည်းရိုးများတွင် စိုက်ပျိုးခြင်းအပြင် မြေလွတ်မြေရိုင်းများ ထပ်မံဖော်ထုတ်စိုက်ပျိုးရေး ဆွေးနွေးမှာကြားသည်။

ထို့နောက်တပ်မမှူးနှင့်တက်ရောက်လာကြသူများသည် ရော်ဘာနှင့်ကြက်ဆူပင်စိုက်ပျိုးမှု လက်တွေ့ရှင်းလင်းပြသမှုကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲ ပူးပေါင်းထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး၊

(၂) ခိုင်မာသည့် ဖွံ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား အားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

မြဝတီရုပ်မြင်သံကြား

၃–၁–၂၀၀၆
(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၃၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၁၀ ၈။ ပညာခေတ်
၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်စံအိမ်"** (အပိုင်း–၁၇)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားရှင်"** (အပိုင်း–၄၀)

၄–၁–၂၀၀၆ နေ့ နံနက်ပိုင်း

၁။ ၂:၃၀ English Premier League ဘောလုံးပွဲ Manchester United Vs Arsenal (Live)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ

နေ့ရက် – ၃–၁–၂၀၀၆ မှ ၁၁–၁–၂၀၀၆
အချိန် – နံနက်(၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀)နာရီ
နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။
(မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်။)

ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ဆောက်ပြီးစီးမှု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဒီဇင်ဘာ ၃၁ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ ဝိကာသိနီကုန်းတော်၌ တည်ထားသည့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ အေးရှားဝေါ(လ်) ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က စေတီတော် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မေးမြန်းမှာကြား

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က စေတီတော်လိုဏ်အတွင်း ဓာတ်တော်တိုက်ပြာသာဒ် ဆောင်ရွက်ပြီးစီးမှုများ၊ ရုပ်ပွားတော်နှင့် ပလ္လင်တော်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများ၊ ရွှေထီးတော်တင် မဟာမင်္ဂလာ အခမ်းအနားကျင်းပရန် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို မေးမြန်းမှာကြားသည်။

ထို့နောက် စေတီတော်လိုဏ်အတွင်း၌ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်အတွက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဇနီး ဒေါ်သန်းသန်းနွဲ့ မိသားစု၏ လှူဒါန်းငွေကျပ် ၂၁ သိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်း ဇနီး ဒေါ်ခင်မြင့်ဝေ မိသားစု၏ လှူဒါန်းငွေ ကျပ် ၂၁သိန်းတို့ကို နိုင်ငံတော်ဝန်ကြီးချုပ်က ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးချုပ်ထံ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၏ လှူဒါန်းငွေကျပ်သိန်း ၅၀၀နှင့် တိုင်း၊ တပ်မများ၏ လှူဒါန်း ငွေကျပ် ၂၃၆၁၀၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းထံ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ငွေကျပ် ၂၅ သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တောင်ကြီးမြို့မှ စေတနာရှင်များက ငွေကျပ်သိန်း ၁၁၀၀၊ ဌာနဆိုင်ရာများက ၁၄၄၇၆၃၂၄ ကျပ်၊ ဦးထွန်းမြင့်နိုင် (အေးရှားဝေါလ်ကုမ္ပဏီ) က ငွေကျပ် သိန်း၃၀၀၊ ဦးအောင်ကိုဝင်း (ကမ္ဘောဇဘဏ်လီမိတက်)က ငွေကျပ်သိန်း၃၀၀၊ စေတနာရှင် ပြည်သူများက ၈၀၉၂၆၆၈ ကျပ်၊ မောင်ဝိတ်မိသားစုကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၊ ဦးတင့်ဆန်း (ACE ဆောက်လုပ်ရေး)က ငွေကျပ် သိန်း ၁၀၀၊ ဦးအောင်ထွေး (Golden Flower Construction)က ငွေကျပ်သိန်း ၁၀၀၊ ဦးသိန်းဝင်း–ဒေါ်နီ (ရွှေသံလွင်ကုမ္ပဏီ)က ငွေကျပ်သိန်း ၁၀၀၊ ဦးတေဇ(ထူးထရိတ်ဒင်းကုမ္ပဏီ)က ငွေကျပ်သိန်း ၁၀၀၊ ဦးချစ်ခိုင် (ဧဒင်အုပ်စုကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း၁၀၀၊ ဦးဝင်းမြင့်(ရွှေနဂါးမင်းကုမ္ပဏီ) က ငွေကျပ်သိန်း ၁၀၀၊ ဦးရွှေကြိုင်(ဝါဝါဝင်းဆောက်လုပ်ရေး) က ငွေကျပ် ၁၀၈ သိန်း၊ ဦးမောင်မောင် (Asia Express Co., Ltd.) က ငွေကျပ် ၅၄သိန်း၊ ဦးဌေးမြင့် (ယုဇနဆောက်လုပ်ရေး)က ငွေကျပ် သိန်း ၅၀၊ ဦးဝင်းအောင် (ဒဂုံအင်တာနေရှင်နယ်လီမိတက်)က ငွေကျပ်သိန်း ၅၀၊ ဦးစောနိုင် (ရှမ်းစတား)က ငွေကျပ်သိန်း ၅၀၊ ဦးကိုကိုထွေး (တော်ဝင်ဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၃၀၊ ဦးစိုးမြင့် (ငွေဆင်ကုမ္ပဏီ)က ငွေကျပ် ၂၅ သိန်း၊ ဒေါက်တာခင်ရွှေ (ဇေကမ္ဘာ ဆောက်လုပ်ရေး)က ငွေကျပ် ၂၅သိန်း၊ ဦးစိုင်းတစ်အောင် (နောင်တုံ ဆောက်လုပ်ရေး)က ငွေကျပ် ၂၅ သိန်း၊ ဦးအောင်သန်းဦး (မြန်မာနိုင်ငံ ဆီကုန်သည်များအသင်း)က ငွေကျပ် ၁၀ သိန်း၊ ဦးတင်ဝင်း (မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း) က ငွေကျပ် ၁၀သိန်း၊ ဦးရန်ဝင်း (အေဝမ်းဆောက်လုပ်ရေး)က ငွေကျပ် ၁၀ သိန်း၊ ဦးစိန်သစ် (Tosta Group) က ငွေကျပ်ငါးသိန်း၊ ဦးရှိန်ဝင်း (တက်လမ်းဆောက်လုပ်ရေး)က ငွေကျပ် ငါးသိန်း၊ ဦးသိန်းဟန် (တိုကျိုပိုက်ထုတ်လုပ်ရေး)က ငွေကျပ် ငါးသိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းက ငွေကျပ်သုံးသိန်း၊ ဦးကျော်နိုင်ဦး (Naing Group ဆောက်လုပ်ရေး) က ငွေကျပ်နှစ်သိန်း၊ ဦးမြင့်ကြည်–ဒေါ်ခင်မမ (ငွေဆီစက်၊ သံရည်ကျိုစက်) က ငွေကျပ်ငါးသိန်းတို့ကို တိုင်းမှူးနှင့် ဝန်ကြီးများထံ ပေးအပ်လှူဒါန်းကြသည်။

ယနေ့ အခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေ စုစုပေါင်းမှာ ၃၉၁၀၇၈၉၉၂ ကျပ်ဖြစ်သည်။

ကြည့်ရှုကြည်ညို

အလှူငွေပေးအပ်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်၌ ထည့်သွင်းလှူဒါန်းမည့် ဌာပနာပစ္စည်းများ၊ တင်လှူမည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို ကြည့်ရှုကြည်ညိုကြသည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့် ဓာတ်တော်တိုက်ပြာသာဒ်တို့ကို ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် စေတီတော် တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

တွေ့ဆုံနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် အလှူရှင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

အလှူငွေပေးအပ်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့ မိသားစုက ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်အတွက် လှူဒါန်းငွေကျပ် ၂၁သိန်းကို ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လှူဖွယ်ပစ္စည်းများကပ်လှူ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကျိုင်းတောင်းမြို့ သာသနာ့ရက္ခိတ တုံဟုန်းကျောင်းတိုက်တွင် ဆရာတော် ဘဒ္ဒန္တ သောစိတ္တာထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် အလှူရှင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

3-1 (03).p65 1 1/3/2006, 10:06 PM

ဒေါ်လာနှစ်ဘီလီယံကျော်ကုန်ကျမည့် ရေနံဓာတုစက်ရုံစီမံကိန်း တောင်ကိုရီးယားနှင့် ကာတာနှစ်နိုင်ငံပူးတွဲဆောင်ရွက်မည်

ကူဝိတ်(စီးတီး) ဇန်နဝါရီ ၂

ကာတာနိုင်ငံတွင် အမေရိကန် ဒေါ်လာ ၂ ဒသမ ၅ဘီလီယံပမာဏရှိသော ရေနံဓာတုစက်ရုံတည်ဆောက်ရန် နားလည်မှုစာချုပ်(အမ်အိုယူ)တစ်ရပ်ကို ကာတာနိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတစ်ခုနှင့်တောင်ကိုရီးယားနိုင်ငံ ဟိုနန် ရေနံကော်ပိုရေးရှင်းတို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြကြောင်း ကာတာသတင်းဌာနက ဒီဇင်ဘာ ၃၀ရက် သောကြာနေ့၌ သတင်းထုတ်ပြန်သည်။

ပြောကြား

အဆိုပါ ရေနံဓာတုစက်ရုံကို ကာတာနိုင်ငံ မက်ဆေ့ဒ်ဒေသတွင် တည်ဆောက်မည်ဖြစ်ကြောင်း ကာတာ နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စက်မှုနှင့် စွမ်းအင်ဆိုင်ရာဝန်ကြီး အဗ္ဗဒုလာ ဘင်ဟာမက်အလ်အက် တီယာက ပြောကြားသည်ဟု အစီရင်ခံစာတစ်စောင်၌ ဖော်ပြသည်။

တည်ဆောက်မည်

ထိုစက်ရုံတည်ဆောက်ပြီးစီးပါက ရေနံနှစ်စဉ် တန်ချိန် ကိုးသိန်းထွက်ရှိမည်ဟု မျှော်မှန်းထားသည်။ အဆိုပါ စက်ရုံတည်ဆောက်ရေးစီမံကိန်းကို ၂၀၀၆ ခုနှစ်လယ်ပိုင်းတွင် စတင်တည်ဆောက်မည်ဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ပြီးစီးမည်ဖြစ်ကြောင်းသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ပါဝင်

အဆိုပါစက်ရုံတည်ဆောက်ရေး စီမံကိန်း၌ ကာတာနိုင်ငံပိုင် ကာတာရီ ကုမ္ပဏီက ၇၀ရာခိုင်နှုန်းပါဝင်ပြီး တောင်ကိုရီးယားနိုင်ငံမှ ဟိုနန်ကော်ပိုရေးရှင်းက ၃၀ရာခိုင်နှုန်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံအရှေ့ပိုင်း ကျိကျန်းပြည်နယ်တွင် မော်တော်ယာဉ်တစ်စီးအားငင်း၏ နားဖြင့်ချိတ်ပြီး မီတာ ၃၀ကျော် အကွာအဝေးအထိ ဆွဲပြနေသည့် တရုတ်အမျိုးသားတစ်ဦးကို ဇန်နဝါရီ ၁ ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

ကိုလံဘီယာ၌ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

ဘိုဂိုတာ ဇန်နဝါရီ ၂

ကိုလံဘီယာနိုင်ငံသည် အမေရိကန်ပြည်ထောင်စုသို့ တရားမဝင် မူးယစ်ဆေးဝါးတင်ပို့မှုကို လျှော့ချရန် ရည်ရွယ်လျက် မူးယစ်ဆေးဝါးများ ဖမ်းဆီးခဲ့ရာ ယခုနှစ်တွင် မူးယစ်ဆေးဝါးတန်ချိန် ၁၈၆တန်ကို စံချိန်တင်ဖမ်းဆီးနိုင်ခဲ့ကြောင်း ကိုလံဘီယာအစိုးရက ဒီဇင်ဘာ၃၀ရက်၌ ပြောကြားလိုက်သည်။

ယင်းမူးယစ်ဆေးဝါးများကို ကျွမ်းကျင်သူများ၏ အကြံဉာဏ်နှင့် ကိရိယာ တန်ဖိုးပလာများကို အသုံးပြု ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ ယမန်နှစ်ကထက် ၂၆ရာခိုင်နှုန်းကျော်၍ ဖမ်းဆီးနိုင်ခဲ့ကြောင်း ယင်းမှာ အမေရိကန်ဒေါ်လာ ၄ဒသမ၇ဘီလီယံဖိုးရှိကြောင်း ကိုလံဘီယာ ကာကွယ်ရေးဝန်ကြီးဌာနက ရိုက်တာသို့ ပြောကြားသည်။

ယင်းကဲ့သို့ မူးယစ်ဆေးဝါးများ ထိရောက်စွာ ဖမ်းဆီးနိုင်ခြင်းမှာ အမေရိကန်က ကူညီပေးခဲ့၍ ကိုလံဘီယာစစ်ဘက်က ထိရောက်စွာ ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ယင်းမှာ ၂၀၀၀ပြည့်နှစ်က မူးယစ်ဆေးဝါး တိုက်ဖျက်မှုထက် အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော် တိုးလာကြောင်း ၎င်းက ပြောကြားသည်။

ကိုလံဘီယာနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ကိုကင်းအများဆုံး တင်ပို့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

တာဂျစ်ကစ္စတန်၌ နှင်းခဲများပြိုကျ လူခုနစ်ဦးသေဆုံး

ဒုတ်ဟန်ဘီ ဇန်နဝါရီ ၂

တာဂျစ်ကစ္စတန်တွင် နှင်းခဲများ၊ ရေခဲများ၊ ကျောက်တုံးများပြိုကျခဲ့သဖြင့် လူခုနစ်ဦးသေဆုံးပြီး အဓိကအဝေးပြေးလမ်းတစ်လျှောက်တွင်လည်း ပိတ်ဆို့လျက်ရှိကြောင်း အရေးပေါ်ဝန်ကြီးဌာနက ဒီဇင်ဘာ ၃၀ ရက်၌ ပြောကြားသည်။

လွင့်သွား

ဒီဇင်ဘာ ၂၉ ရက် ညနေက အဆိုပါ ရေခဲနှင့်ကျောက်တုံးများကြောင့် ဒုတ်ဟန်ဘီ-ခတ်ဇန် အဝေးပြေးလမ်းမပေါ်မှ ကားနှစ်စီးလွင့်ပါသွားခဲ့သောကြောင့် ကားအတွင်းရှိ လူခုနစ်ဦးစလုံး သေဆုံးခဲ့ကြောင်း ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဆက်လက်မောင်းနှင်

နှင်းထုများသိပ်သည်းစွာ ကျဆင်းနေသည်ကို အရေးပေါ်အလုပ်သမားများက ဖယ်ရှားလျက်ရှိပြီး လေမှာ အာရှနိုင်ငံ ဗဟိုပိုင်းတောင်တန်းဒေသများတစ်လျှောက်မှ နိုင်ငံ၏ဒုတိယမြို့တော်ဖြစ်သောဒုတ်ဟန်ဘီမြို့အထိ တိုက်ခတ်ကာ နှင်းများကျဆင်းလျက်ရှိသော်လည်း အချို့ယာဉ်မောင်းသမားများက စွန့်စားကာ ဆက်လက်မောင်းနှင်နေကြကြောင်း ၎င်းက ပြောကြားသည်။

ဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ ၂၀၀၄ ခုနှစ်တွင် နှင်းခဲများပြိုကျမှုကြောင့် လူခုနစ်ဦးသေဆုံးခဲ့ပြီး ယခုနှစ် ယခုအချိန်အထိလူ ၁၈ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

အမေရိကန်နိုင်ငံတောင်ပိုင်း၌ တောမီးလောင်ကျွမ်း အိမ်ခြေ ၁၀၀ခန့် မီးလောင်ပြီး လူလေးဦးသေဆုံး

ဝါရှင်တန် ဇန်နဝါရီ ၂

အမေရိကန်နိုင်ငံတောင်ပိုင်းတွင် ဒီဇင်ဘာ၂၈ရက် ဗုဒ္ဓဟူးနေ့က တောမီးလောင်ကျွမ်းမှုမှ ကူးစက်မီးလောင်ခဲ့ရာ လူလေးဦးထက်မနည်းသေဆုံးပြီး အိုးအိမ် ၁၀၀ ခန့် မီးလောင်ပျက်စီးခဲ့ရကြောင်း အမေရိကန် မီဒီယာများက ဖော်ပြသည်။

သေဆုံး

မီးလောင်ကျွမ်းမှုဖြစ်ပွားသည့် ပြည်နယ်များမှာ တက္ကဆက်ပြည်နယ်နှင့် အိုကလာဟိုးမားပြည်နယ်များ၌ ဖြစ်ကြောင်း၊ တက္ကဆက်ပြည်နယ်တွင် ၇၈ အိမ်ခန့် မီးလောင်မှုဖြစ်ခဲ့ပြီး အသက်အရွယ်ကြီးရင့်သူ နှစ်ဦး သေဆုံးခဲ့ရသည်။

လောင်ကျွမ်းဆဲ

အိုကလာဟိုမားပြည်နယ်တွင် အိမ်နှစ်ဒါဇင်ခန့် တောမီးကူးစက် လောင်ကျွမ်းခဲ့သည်။ ဒီဇင်ဘာ ၂၆ရက်မှ စတင်ကာ တောမီးလောင်ကျွမ်းခဲ့မှုကြောင့် အိုကလာဟိုးမား ပြည်နယ်တွင် လူနှစ်ဦးသေဆုံးခဲ့ပြီး တက္ကဆက်ပြည်နယ် နေရာလေးခုတွင် တောမီးလောင်ကျွမ်းမှုမှာ ဒီဇင်ဘာ ၂၉ ရက်ထိ လောင်ကျွမ်းဆဲဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြောက်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲ လူငါးဦးသေဆုံးရ

ဘာဗူကာ(အီရတ်) ဇန်နဝါရီ ၂

အီရတ်နိုင်ငံ ဆွန်နီအာရပ်နိုင်ငံရေး ပါတီရုံး၏ အပြင်ဘက်၌ လမ်းဘေးဗုံးတစ်လုံး ဒီဇင်ဘာ၃၁ရက်က ပေါက်ကွဲခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွား

ယင်းပေါက်ကွဲခဲ့မှုကြောင့် လူငါးဦး သေဆုံးသွားခဲ့ကြောင်း၊ ပေါက်ကွဲမှုမှာ ဘဂ္ဂဒက်မြို့မြောက်ဘက် မိုင် ၄၀အကွာ ခါလစ်မြို့ရှိ အစ္စလမ္မစ်ဌာနချုပ် အနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် ဒီဇင်ဘာလက ပါလီမန်ရွေးကောက်ပွဲတွင် ပါဝင်ခဲ့သော ဆွန်နီအများစု၏ ပါတီအဖွဲ့ဝင်များကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အီရတ်ရှိ ပြောက်ကျားများသည် အဓိပ္ပာယ်မရှိသော ရွေးကောက်ပွဲဟုဆိုကာ ဆွန်နီနိုင်ငံရေးသမားများ ပါဝင်မှုကိုဆန့်ကျင် တိုက်ခိုက်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်ရွေးကောက်ပွဲ လိမ်လည်မှုများစစ်ဆေးရန် နိုင်ငံတကာရွေးကောက်ပွဲပညာရှင်အဖွဲ့ ဘဂ္ဂဒက်သို့ လာရောက်ကြမည်

ဘဂ္ဂဒက် ဇန်နဝါရီ ၂

နိုင်ငံတကာ ရွေးကောက်ပွဲပညာရှင်များအဖွဲ့သည် အီရတ်၌ ဒီဇင်ဘာ ၁၅ ရက်က ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ဆန္ဒမဲလိမ်လည် လှည့်ဖြားမှုများနှင့် စွပ်စွဲချက်တင်ထားသော အမှုများကို စစ်ဆေးရန်အတွက် ဘဂ္ဂဒက်သို့ နှစ်ရက်အတွင်း ရောက်ရှိလာလိမ့်မည်ဟုမျှော်လင့်ထားကြောင်း ဝန်ကြီးချုပ်ဟောင်း အယ်လ်လာဝီက ဒီဇင်ဘာ ၃၁ ရက်၌ ပြောကြားသည်။

ယင်းအဖွဲ့တွင် အာရပ်အဖွဲ့ချုပ်မှ ပညာရှင်နှစ်ဦး ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အချိန်ယူ

၎င်းအဖွဲ့သည် အီရတ် ရွေးကောက်ပွဲ ပြဿနာများနှင့်ပတ်သက်၍ ကြေညာချက်မထုတ်ပြန်မီ မဲပုံးများ စစ်ဆေးမှုကို အချိန်ယူဆောင်ရွက်သွားမည်ဟု ဆိုသည်။

နားလည်ထား

စီမံကိန်းရေးဆွဲရေး ဝန်ကြီးဟောင်း ဟာဖစ်အား အစိုးရသစ်နှင့်ပတ်သက်၍ မေးမြန်းစဉ် ၎င်းက အီရတ်နိုင်ငံသည် ကွဲနေသော လူမျိုးစုများအတွင်းမှ အမျိုးသားစည်းလုံးညီညွတ်သော အစိုးရပေါ်ပေါက်လာရန် လိုအပ်သည်ဟု သဘောပေါက်နားလည်ထားကြောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့၌ လမ်းဘေးဗုံးနှစ်လုံးပေါက်ကွဲ ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး၊ ၁၀ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ လယ်နှင့် ဘဂ္ဂဒက်တောင်ပိုင်းတို့တွင် ဒီဇင်ဘာ ၃၁ ရက်က သီးခြားစီဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အခြား ၁၀ ဦးဒဏ်ရာရရှိသွားကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးက ဆင်ဟွာသို့ ပြောကြားသည်။

ထိုနေ့ နံနက် ၉နာရီ ၂၀မိနစ်က ဘဂ္ဂဒက်မြို့ ဘက်အယ်မူအက်ဟန် အရပ်၌ ကင်းလှည့် ရဲတပ်ဖွဲ့ဝင်များ အနီးလမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိသွားကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောကြားသည်။

ဒဏ်ရာရရှိ

ထိုနေ့ နံနက် ၈နာရီခွဲတွင်လည်း ဘဂ္ဂဒက်တောင်ပိုင်း ဒိုရာအရပ်၌ အဝေးပြေးလမ်းမကြီးတစ်နေရာတွင် ရဲကင်းလှည့်ယာဉ်တစ်စီးအနီး လမ်းဘေးဗုံး ပေါက်ကွဲခဲ့ရာ ရဲကွန်မန်ဒိုတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိသွားခဲ့သည်ဟုဆိုသည်။

ပစ်မှတ်ထား

ပြောက်ကျားများသည် အမေရိကန်နှင့်ပူးပေါင်းလျက်ရှိသော အီရတ် ရဲတပ်ဖွဲ့ဝင်များကို ဘဂ္ဂဒက်နှင့်မြို့ကြီးအချို့တွင် မကြာခဏ ပစ်မှတ်ထား တိုက်ခိုက်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့တွင် ကားဗုံးဖောက်ခွဲတိုက်ခိုက်ရာတွင် အသုံးပြုခဲ့သော မော်တော်ယာဉ်တစ်စီး ပျက်စီးနေသည်ကို ဇန်နဝါရီ ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

● ***ကျောဖုံးမှ***

ပြည်ထောင်စု ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန် ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့်ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေး ရယူထားသော တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

သဘာပတိ

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါက်တာပိုက်တင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစံသာအောင်၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမန်းအုံးမောင်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစိုင်းတင့်အောင်၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်မျိုးဝင်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးလှမြင့်၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှဦးလှတင်နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဦးပေါ်လိုက်ခမ်းတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

အစည်းအဝေးစတင်ကျင်းပ

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၀ ဦးရှိပြီး ၁၀၇၁ ဦး တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၁၇ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိအမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါက်တာပိုက်တင်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် ခိုင်မာသည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ရန်အတွက် အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့က စတင်ပြီး ပြန်လည် ကျင်းပခဲ့ရာ ၂၀၀၅ ခုနှစ် မတ်လ ၃ ရက်နေ့တွင် ဥပဒေပြုရေးအခန်း၌ ပါဝင်သည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် ဘဏ္ဍာရေး ကော်မရှင်ဖွဲ့စည်းမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ခဲ့သကဲ့သို့ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းနောက် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်နေ့တို့တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ဥပဒေပြုရေးအခန်း၌ ပါဝင်သည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်တို့၏ ဥပဒေပြုခြင်း ဆိုင်ရာလုပ်ငန်းများ၊ တစ်နည်းအားဖြင့် လွှတ်တော်များ၏ လုပ်ငန်းဆက်သွယ်မှုအပိုင်းများနှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများကို ညီလာခံကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါကြောင်း။

ပြုစုတင်ပြ

ယင်းရှင်းလင်း ပြောကြားချက်များကို လေ့လာပြီး လွှတ်တော်များ၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်များက မိမိတို့ကိုယ်စားလှယ် အစုအဖွဲ့အလိုက် ပွင့်ပွင့်လင်းလင်း အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး မိမိတို့၏ အကြံပြုချက်စာတမ်းများကို ပြုစုတင်ပြခဲ့ကြပါကြောင်း။

ယခုဆိုလျှင် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အသီးသီးက မိမိတို့၏ အကြံပြုချက်စာတမ်းများကို ဤ စုံညီအစည်းအဝေးကြီး၌ စတင်ဖတ်ကြားတင်ပြတော့မှာဖြစ်ပါကြောင်း။

လွှတ်တော်များ၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများသည် ဥပဒေပြုရေးအခန်း၌ နောက်ဆုံးကျန်ရှိသည့် အပိုင်းဖြစ်သကဲ့သို့ ယင်းအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်ပြီးပြီဆိုလျှင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အခန်းကဏ္ဍများအတွက် အားလုံးပြီးစီးသွားမှာဖြစ်ပါကြောင်း။

ထို့ကြောင့် ယခုဖတ်ကြားတင်ပြမည့် စာတမ်းများတွင် ပါဝင်မည့် အကြံပြုတင်ပြချက်များသည် ဥပဒေပြုရေးအခန်းအတွက် နောက်ဆုံးကျန်ရှိသည့် လွှတ်တော်များ၏လုပ်ငန်းပိုင်းနှင့်စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အရေးကြီးသည့် အကြံပြုချက်များပါရှိမှာ ဖြစ်သည့်အတွက် ညီလာခံကိုယ်စားလှယ်များအားလုံးက စိတ်ပါဝင်စားစွာနှင့် လေ့လာမှတ်သားကြရန်ဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

ဆက်လက်၍ စုံညီအစည်းအဝေးအစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာတွင် ရှေးဦးစွာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းပါတီမှ ဦးထွန်းရီက ဖတ်ကြား တင်ပြသည်။

(ဦးထွန်းရီ၏ ဖတ်ကြားတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်

ထို့နောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဆက်လက်ဖတ်ကြားတင်ပြရာတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်

စာမျက်နှာ ၉ ကော်လံ ၅

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး



ဤလောက၌ မိမိနိုင်ငံနှင့် မိမိပြည်သူများ ငြိမ်းချမ်းသာယာဝပြောရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိမိတို့၏ အမျိုးသားရေးယဉ်ကျေးမှု ထုံးတမ်းစဉ်လာများနှင့်အညီ လွတ်လပ်စွာ ကြိုးပမ်းဖော်ဆောင်နိုင်မှသာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှု၏ အဓိပ္ပာယ်နှင့် အနှစ်သာရပြည့်ဝမည်ဖြစ်သည်။

မျက်မှောက်ခေတ်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးဟူသည့် တူညီဆန္ဒပြင်းပြစွာရှိနေကြသည်။ ပြည်သူလူထု၏ လိုအင်ဆန္ဒကို အမြဲရှေးရှုသယ်ပိုးဖော်ဆောင်ပေးနေသော တပ်မတော်သည် တိုင်းရင်းသားပြည်သူတို့၏ လိုအင်ဆန္ဒကို အမျိုးသားရေးပန်းတိုင်အဖြစ် သတ်မှတ်ပြီး တစ်မျိုးသားလုံး၏ စွမ်းပကားနှင့် တည်ဆောက်ပေးလျက်ရှိနေပေသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတကြွယ်ဝသည့် နိုင်ငံဖြစ်၍ ကိုလိုနီနယ်ချဲ့တို့၏ နှစ်ပေါင်း၁၀၀ကျော် ကုပ်သွေးစုပ်အမြတ်ထုတ်ခြင်းကို ခံခဲ့ရသည်။ ရွှေကိုယူသည်၊ ငွေကိုယူသည်၊ ပြီးတော့ လူကိုပါယူသည်ဟူသည့် စာချိုးအတိုင်းပင် ကိုလိုနီနယ်ချဲ့တို့က အဆီကိုစား၊ အသားကိုမျိုသည့်နှယ် မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများကို ၎င်းတို့ ကိုယ်ကျိုးအတွက် ထုတ်ယူအသုံးချသွားခဲ့ကြသည်။ မြန်မာတိုင်းရင်းသားများအချင်းချင်း မညီမညွတ်ဖြစ်အောင် သွေးခွဲသောစနစ်ဖြင့် ဖိနှိပ်အုပ်ချုပ်သွားခဲ့သည်။ မြန်မာတစ်မျိုးသားလုံး ကျွန်အောက် သဘောက်ဖြစ်ပြီး လူညွန့်တုံး လူလုံးမလှအောင် ကျွန်ပညာရေးစနစ်ကို သွတ်သွင်းခဲ့သည်။ စိုးမိုးခြယ်လှယ်သူနယ်ချဲ့နှင့် အခြယ်လှယ်ခံရသူ မြန်မာပြည်သူတို့အကြား ဗျူရိုကရက်လူတန်းစားနှင့် နယ်ချဲ့လက်ပါးစေများကို နိုင်ငံ့ရေ့ခရီး၌ အနှောင့်အယှက် အဟန့်အတားများဖြစ်အောင် လက်သပ်မွေးပြီး ဖန်တီးသွားခဲ့သည်။

ယင်းသို့ နိုင်ငံနှင့်လူမျိုး လုံးပါးပါးအောင် နယ်ချဲ့တို့က အားထုတ်လုပ်ကြံခဲ့သော်လည်း မြန်မာတစ်မျိုးသားလုံးက ဇာတိသွေး၊ ဇာတိမာန်ဖြင့် ငုံ့မခံဘဲ တုံ့ပြန်တွန်းလှန်ခဲ့ကြသည်။ နယ်မြေဒေသအလိုက် ဆင်နွှဲခဲ့သော နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများကိုလည်းကောင်း၊ အချိန်ကာလအလိုက် ဆင်နွှဲခဲ့သော အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများကိုလည်းကောင်း အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုအဖြစ် ဦးဆောင်စုစည်းနိုင်ချိန်တွင် အမျိုးသားတပ်မတော်ကိုပါ ထူထောင်လာနိုင်ခဲ့သည်။

အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍ ပီပီပြင်ပြင် ရုပ်လုံးပေါ်လာသည်နှင့်အမျှ တပ်မတော်နှင့်အတူ တစ်မျိုးသားလုံးလက်တွဲပြီး နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကို တစ်ခဲနက်ဆင်နွှဲနိုင်ခဲ့သည်။ တစ်နည်းဆိုရလျှင် ထိုစဉ်ကပင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ညီညွတ်မှုအင်အားကို ပမာမခန့် မပြုဝံ့တော့သဖြင့် ကိုလိုနီနယ်ချဲ့တို့က မြန်မာ့လွတ်လပ်ရေးကို မလွှဲမရှောင်သာဘဲ ပေးအပ်ခဲ့ရခြင်းဖြစ်သည်။

အမှန်အားဖြင့် နယ်ချဲ့တို့သည် ကျူးကျော်စစ်ဖြင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို သိမ်းကျုံးပြီး အဓမ္မသိမ်းပိုက်ခဲ့ခြင်းဖြစ်သော်လည်း လွတ်လပ်ရေးပြန်လည်ပေးအပ်ရချိန်တွင် တောင်တန်းဒေသများကို ဖဲ့ချန်ထားပြီး မြန်မာနိုင်ငံတစ်စိတ်တစ်ဒေသကိုသာ လွတ်လပ်ရေးပေးရန် အပြင်းအထန် အားထုတ်ကြိုးပမ်းခဲ့သေးသည်။ အမျိုးသားနိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တစ်သွေးတည်းတစ်သားတည်း၊ တစ်စိတ်တည်းတစ်ဝမ်းတည်း ရပ်တည်ပြီး ၎င်းတို့၏ တရားနည်းလမ်းမကျသော အကြံကို လုံးဝလက်မခံဘဲ ဆန့်ကျင်ခဲ့ကြသဖြင့် နယ်ချဲ့တို့က မစားရသည့်အမဲ သဲနှင့်ပက်သည့်နှယ် မြန်မာ့ပြည်တွင်းရေး၌ နိုင်ငံရေးရေစီး လှိုင်းကြီးလေထန်ဖြစ်အောင် လုပ်ကြံဖန်တီးသွားခဲ့သည်။

ဤသို့ဖြင့် မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိချိန်၌ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်ရမည့်အစား နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုသာ ကျားကုတ်ကျားခဲ ဆောင်ရွက်ခဲ့ရသည်။ ဒုတိယကမ္ဘာစစ်အဝင်အထွက်ကို နှစ်ကြိမ်ခံထားရ၍လည်း မြန်မာတစ်နိုင်ငံလုံး ပြာပုံဘဝ မကျရောက်ရုံတစ်မည် စစ်ဘေးစစ်ဒဏ် သင့်ခဲ့သည်။ နောက်ပိုင်း၌ ပြန်လည်ထူထောင်မှုများ စနစ်တကျ မလုပ်ဆောင်နိုင်မီမှာပင် ရောင်စုံသောင်းကျန်းသူများ၏ လက်နက်ကိုင်ဆူပူသောင်းကျန်းမှုများကြောင့် ယမ်းပုံမီးကျ မီးထတောက်ခဲ့ရပြန်သည်။

သီဟအောင်

မြန်မာနိုင်ငံသည် ထိုဆိုးကျိုးကို နှစ်ပေါင်း၄၀ကြာမျှ ခါးစည်းခံခဲ့ရသည်။ သမင်မွေးရင်းကျားစားရင်း ဆိုသကဲ့သို့ ပြန်လည်ထူထောင်ရေး လုပ်လိုက်၊ ထပ်မံဖျက်ဆီးမှုခံလိုက်ရနှင့် အခြေခံအဆောက်အအုံဟူသမျှ ချွတ်ခြုံကျခဲ့သည်။ မြင်းခြံ၊ မန္တလေး၊ မိတ္ထီလာဟူသည့် မသုံးလုံးနယ်မြေမှ သောင်းကျန်းသူများကို ချေမှုန်းပစ်ခဲ့သည်။ မြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ရိုးမဒေသမှ သောင်းကျန်းသူများ၏ လက်ရင်းလက်ငုတ်ကို အမြစ်ဖြတ်နိုင်ခဲ့သည်။ ပဲခူးရိုးမဒေသတစ်ခွင်တွင် သောင်းကျန်းသူလုံးဝကင်းစင်အောင် ဆောင်ရွက်နိုင်သည်အထိ ကြိုးပမ်းလုပ်ဆောင်ခဲ့သည့်တိုင် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသအသီးသီး၌ သောင်းကျန်းသူများက သမိုင်းအမွေဆိုးအဖြစ် သက်ဆိုးရှည်နေဆဲဖြစ်ခဲ့သည်။

တစ်နိုင်ငံလုံး ရာနှုန်းပြည့် တည်ငြိမ်အေးချမ်းမှုမရှိသဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မြေစမ်းခရမ်းပျိုး၍သာ ဆောင်ရွက်နိုင်ခဲ့သည်။ ယင်းလုပ်ဆောင်ချက်များသည် အချိန်ကာလနှင့် မကိုက်ညီခြင်း၊ နေရာဒေသနှင့် မဆီလျော်ခြင်း၊ တစ်ပြည်လုံး လွှမ်းခြုံဆက်စပ်မှု မရှိခြင်းတို့ကြောင့် ဟန်ချက်မညီဘဲ ပျော့ကွက်ဟာကွက်များဖြစ်ကာ ကွက်လပ်များစွာကျန်ရစ်ပြီး အောင်မြင်မှုမရခဲ့ချေ။ ဤသို့ဖြင့် မြန်မာနိုင်ငံသည် အခြားအိမ်နီးချင်းနိုင်ငံများထက် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၌ နောက်ကျကျန်ရစ်ခဲ့ခြင်း ဖြစ်ပေသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်ရေးဟူသည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအပေါ်၌ အမှီသဟဲပြုပြီး ကြောင်းကျိုးဆက်စပ်နေကြောင်းကို ၁၅-၉-၂၀၀၀ရက်နေ့၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၀ပြည့်နှစ်)တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက-

"တစ်မျိုးသားလုံး၏ မျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးထူထောင်ရာတွင် ပင်မကျသည့် အမျိုးသားရေးအင်အားစုနှစ်ရပ် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ပြီး ပြည်ထောင်စုမပြိုကွဲစေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည့် ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝသော မျိုးချစ်အင်အားစု လိုအပ်ကြောင်း၊ တစ်ချိန်တည်းမှာပင် သဘာဝသယံဇာတကြွယ်ဝသည့် မြန်မာနိုင်ငံတွင် ယင်းသဘာဝအရင်းအမြစ်များကို တန်ဖိုးရှိအောင် ဖော်ဆောင်နိုင်မည့် လူသားအရင်းအမြစ်များလည်း လိုအပ်ကြောင်း။

"ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရေးသည် ပဓာနကျသည့် အမျိုးသားရေးတာဝန်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် နိုင်ငံတစ်ခုအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများသည် ကဏ္ဍအလိုက်ရော ဒေသအလိုက်ပါ များမြောင်လှကြောင်း၊ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အမျိုးသားရေးအင်အား ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ရေးသည် ပကတိလိုအပ်ချက် ဖြစ်ကြောင်း"

ဟူသည့် ဩဝါဒစကားဖြင့် လမ်းညွှန်မှာကြားခဲ့သည်။

၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့ တပ်မတော်က နိုင်ငံတော်တာဝန်ကိုယူလိုက်ရချိန်တွင် အဖျက်သမားများ၏ လက်ချက်ဖြင့် တစ်ပြည်လုံး၌ လမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်ကာ မရှိမဲ့ရှိမဲ့ အခြေခံအဆောက်အအုံများလည်း ပျက်စီးယိုယွင်းနေခဲ့ပြီးဖြစ်သည်။ တစ်နိုင်ငံလုံးရုပ်ပိုင်းဆိုင်ရာအရ ဗုန်းဗုန်းလဲကျလုနီးပါး အနေအထားပင်ဖြစ်တော့သည်။

တပ်မတော်အစိုးရသည် ယင်းသို့ ပျက်စီးယိုယွင်းနေသော အခြေအနေအရပ်ရပ်ကြားမှ နိုင်ငံတော်ကို ပြန်လည်ထူထောင်ခဲ့ရသည်။ နိုင်ငံနှင့်ပြည်သူတို့အတွက် လက်တွေ့လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် လက်ငင်းဆောင်ရွက်ရမည့် တာဝန်ကြီးလေးရပ်ကို မဖြစ်မနေချမှတ်ဖော်ဆောင်ပေးခဲ့သည်။ ပြည်သူများမလိုလားတော့သည် တစ်ပါတီစနစ်ကို ချုပ်ငြိမ်းစေပြီး ပါတီစုံဒီမိုကရေစီစနစ်ကို လမ်းခင်း ဖော်ဆောင်ပေးခဲ့သည်။ နိုင်ငံတော်နှင့်မအပ်စပ်တော့သည့် ဗဟိုမှချုပ်ကိုင်သော

စာမျက်နှာ ၇ ကော်လံ ၁ သို့

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဖြစ်ပေါ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူအချင်းချင်း ရိုင်းပင်း ချစ်ကြည် စည်းလုံးညီညွတ်ကြရမည်။ မြန်မာပြည်သား၊ မြန်မာပြည်သူ ဟူသမျှ ကိုယ်စီကိုယ်ငလုံ့လစိုက်ထုတ် အလုပ်လုပ်ကြရန်ဖြစ်သည်။ သယံဇာတ ပေါကြွယ်ဝသော အမိနိုင်ငံတော်ကို စည်းလုံးညီညွတ်မှုဖြင့် ဝိုင်းရံပြီး ငြိမ်းချမ်းသာယာမှုများ ခညောင်းစေကာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု မင်္ဂလာအပေါင်းနှင့် ပြည့်ဝအောင် နိုင်ငံ့သားကောင်း၊ သမီးကောင်းများပီပီ ဦးလည်မသုန် ကြိုးပမ်းထမ်းရွက်ကြရပေမည်။

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ဆက်သွယ်ရေးကဏ္ဍ

တပ်မတော်အစိုးရလက်ထက် ဆက်သွယ်ရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်

ပြည်နယ်နှင့်တိုင်းအလိုက် ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာ

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ပြောင်းလဲတိုးတက်လာသော သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များနှင့် တစ်ပြေးညီ တိုးတက်လာသော ခေတ်မီ ဆက်သွယ်ရေးနည်းပညာများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်စုံ ကဏ္ဍစုံတွင် ထိထိရောက်ရောက် အသုံးပြုလျက်ရှိသည်။

တိုးတက်ကောင်းမွန်

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများသည် ပြည်သူတို့၏ နေထိုင်မှုဘဝ အရည်အသွေးကို အကန့်အသတ်မရှိ တိုးတက်ကောင်းမွန်စေလျက်ရှိသည်။ တိုးတက်လာသော ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် ကွန်ရက်စနစ်များကြောင့် စီးပွားရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းဆောင်တာများ အကြီးအကျယ် ပြောင်းလဲလျက်ရှိသည်။

အခွင့်အလမ်းများဝင်ရောက်လာ

နိုင်ငံအတွင်းရှိ ဒေသအနှံ့တွင်သာမက ပြည်ပနိုင်ငံများသို့ပါ အလျင်အမြန် ဆက်သွယ်ပေးနိုင်သည့် ဒစ်ဂျစ်တယ် အခွင့်အလမ်းများကိုပါ ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။ မျက်မှောက်ကာလတွင် ထူးခြားသည့်နည်းပညာ တိုးတက်မှုများကြောင့် ခေတ်မီအဝေးဆက်သွယ်ရေး အခွင့်အလမ်းများ နေ့စဉ်လူမှုဘဝ နယ်ပယ်ထဲသို့ တဖြည်းဖြည်း ဝင်ရောက်လာလျက်ရှိပေသည်။

တပ်မတော်အစိုးရ လက်ထက်တွင် ပြည်နယ်နှင့်တိုင်း ဒေသအနှံ့သာမက ပြည်ပသို့ပါ ဆက်သွယ်ပြောဆိုနိုင်သည့် အဆင့်မြင့်မားလာသော အော်တိုတယ်လီဖုန်း၊ ရေဒီယိုတယ်လီဖုန်း၊ CDMA °တယ်လီဖုန်း၊ ဆယ်လူလာ တယ်လီဖုန်း၊ GSM° တယ်လီဖုန်း စသည့် မိုဘိုင်းလ်တယ်လီဖုန်းများတိုးတက်လာမှုတို့ကို ဖော်ပြပါဇယားတွင် ကြည့်ရှုလေ့လာခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည် ဖြစ်ပေသည်။ ။

နိုင်ငံတစ်ဝန်းသာမက ပြည်ပနိုင်ငံများသို့ပါ အလျင်အမြန် ဆက်သွယ်ပေးနိုင်သော ဒီဂျစ်တယ် အခွင့်အလမ်းများကို ပြည်နယ်နှင့်တိုင်းအလိုက် ဖြန့်ကြက် တည်ဆောက်ပေးလျက်ရှိရာ မွန်ပြည်နယ် ကျိုက္ခမီမြို့နယ်ရှိ ဆက်သွယ်ရေးစခန်းကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ပြည်နယ်နှင့်တိုင်းအလိုက် တိုးတက်မြင့်မားလာသော ဆက်သွယ်ရေးလုပ်ငန်း

ပြည်နယ်/တိုင်း	၁၉၈၈			၂၀၀၅			တိုးတက်မှု		
	တယ်လီဖုန်း	ရေဒီယို တယ်လီဖုန်း	မိုဘိုင်း တယ်လီဖုန်း	တယ်လီဖုန်း	ရေဒီယို တယ်လီဖုန်း	မိုဘိုင်း တယ်လီဖုန်း	တယ်လီ ဖုန်း	ရေဒီယို တယ်လီဖုန်း	မိုဘိုင်း တယ်လီဖုန်း
ကချင်	၈၇၆	–	–	၉၁၃၄	–	၃၉၉၉	၈၂၅၈	–	၃၉၉၉
ကယား	၅၅၈	–	–	၁၉၁၇	–	–	၁၃၅၉	–	–
ကရင်	၆၄၃	–	–	၃၂၆၆	၂၂၉	–	၂၆၂၃	၂၂၉	–
ချင်း	၂၄၃	–	–	၃၁၃၄	–	–	၂၈၉၁	–	–
မွန်	၂၄၀၁	–	–	၇၉၀၈	၂၂၀	–	၅၈၆၇	၂၂၀	–
ရခိုင်	၁၆၂၁	–	–	၆၃၀၆	–	–	၄၆၈၅	–	–
ရှမ်း	၂၈၇၁	–	–	၂၅၅၁၆	–	၁၀၇၅	၂၂၆၄၅	–	၁၀၇၅
စစ်ကိုင်း	၁၈၄၂	–	–	၁၇၀၀၄	၁၁၄	၃၆၆	၁၅၁၆၂	၁၁၄	၃၆၆
တနင်္သာရီ	၄၆၉	–	–	၄၉၂၆	၅၄	–	၄၄၅၇	၅၄	–
ပဲခူး	၃၈၄၁	–	–	၂၅၄၀၉	–	–	၂၁၅၆၈	–	–
မကွေး	၂၅၇၉	–	–	၁၆၅၈၂	–	၄၀၈	၁၄၀၀၃	–	၄၀၈
မန္တလေး	၉၃၂၆	–	–	၄၀၀၄၆	၆၁၄	၁၆၃၅၅	၃၀၇၂၀	၆၁၄	၁၆၃၅၅
ရန်ကုန်	၃၅၃၅၇	–	–	၁၄၅၅၀၉	၁၉၉၁	၁၁၂၇၉၂	၁၁၀၁၅၂	၁၉၉၁	၁၁၂၇၉၂
ဧရာဝတီ	၄၃၈၉	–	–	၁၈၆၂၃	၈၀၅	၆၆၉	၁၄၂၃၄	၈၀၅	၆၆၉

စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

စီးပွားရေးစနစ်ကို ဖျက်သိမ်းပြီး ဈေးကွက်စီးပွားရေးစနစ်ကို လမ်းဖွင့်ပုံဖော်ပေးခဲ့သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကနဦးလိုအပ်ချက်မှာ အေးချမ်းသာယာရေးနှင့် တည်ငြိမ်ရေးပင်ဖြစ်သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုမရှိက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဇောက်ချပြီးဆောင်ရွက်နိုင်မည်မဟုတ်ပေ။ ထို့အတူ ပဓာနလိုအပ်ချက်တစ်ရပ်မှာ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ရှင်သန်ခိုင်မြဲရေးပင်ဖြစ်သည်။ တစ်နိုင်ငံလုံးတွင် ပေါင်းစည်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ညီညီညွတ်ညွတ် ညှိညှိနှိုင်းနှိုင်းဖြင့် ပူးပေါင်းဆောင်ရွက်သွားမှသာ နိုင်ငံတော်၌ အေးချမ်းသာယာမှုရှိပြီး ဖွံ့ဖြိုးတိုးတက်လာပေမည်။

တပ်မတော်အစိုးရသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဦးစားပေးတည်ဆောက်ခဲ့သည်။ တစ်ချိန်က နယ်ချဲ့ပယောဂကြောင့် သံသယပွားပြီး ဆန့်ကျင်ဘက်ဖြစ်ခဲ့ရသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား နွေးထွေးစွာလက်ကမ်းကြိုဆိုခဲ့သည်။ သားရွှေအိုးထမ်းအပြန်လမ်းကို မျှော်မှန်းပြီး ငြိမ်းချမ်းရေးတံခါး ဖွင့်လှစ်ပေးထားခဲ့သည်။ နိုင်ငံနှင့်လူမျိုးအတွက် တပ်မတော်၏ အမှန်တကယ် ကြိုးပမ်းအားထုတ်လုပ်ဆောင်မှုများဖြစ်ကြောင်း နားလည်သဘောပေါက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့နှင့် အဖွဲ့ငယ်အများအပြား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ရောက်ရှိလာကြသည်။ ယခုအခါ မိမိဒေသ၊ မိမိလူမျိုးဖွံ့ဖြိုးရေးနှင့် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်နေကြလေပြီ။

ယင်းသည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ပြီး ပြည်ထောင်စုမပြိုကွဲစေရန် ထိန်းသိမ်းကာကွယ်မည့် မျိုးချစ်အင်အားစုများ ဆတက်ထမ်းပိုး တိုးပွားအောင် ကြိုးစားဆောင်ရွက်မှုပင်ဖြစ်သည်။ ယင်းသို့ မျိုးချစ်အင်အားစုများ တိုးပွားအောင် ဆောင်ရွက်ရင်း ရရှိဖြစ်ထွန်းလာသည့် အေးချမ်းတည်ငြိမ်မှု အခြေအနေကောင်းများပေါ် တည်မှီပြီး တစ်နိုင်ငံလုံးတွင် အသက်သွေးကြောသဖွယ်ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် စီးပွားရေးအခြေခံအဆောက်အအုံများ၊ စွမ်းအင်နှင့် စက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးအခြေခံ အဆောက်အအုံများစသည်တို့ကို နယ်စပ်၊ ကျေးလက်နှင့် မြို့ပြဒေသမကျန် တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းပေါ်ပေါက်လာအောင် အကောင်အထည်ဖော်ခဲ့သည်။

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့ကို စနစ်တကျစီမံချမှတ်ပြီး ကွက်လပ်မကျန် ဟန်ချက်ညီမျှ အားလုံးလုပအောင် ဖော်ဆောင်ပေးခဲ့သည်။ တစ်လ တံတားတစ်စင်း၊ တစ်နှစ်အတွင်း ဆည် ၁၂ခု ဟူသော တည်ဆောက်မှုစွမ်းအားသည် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ စွမ်းဆောင်မှု အောင်ပွဲရလဒ်များအဖြစ် ပေါ်ထွန်းလာသည်။ ကျန်းမာရေးနှင့် ပညာရေး အခြေခံအဆောက်အအုံများလည်း တစ်နိုင်ငံလုံး၌ ဖြန့်ကြက်ဖြစ်ထွန်းလာခဲ့ပြီ။

ယင်းသို့ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ ကွင်းဆက်မပြတ်ဘဲ တစ်ဆက်တစ်စပ်တည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသအသီးသီး၊ ကဏ္ဍအသီးသီး၌ အရည်အသွေးပြည့်ဝမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာရေးအတွက် ပညာရေး ရင်းနှီးမြှုပ်နှံမှုများ၊ ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးမှုများ၊ လက်ဆင့်ကမ်းတာဝန် ခွဲဝေအပ်နှင်းမှုများကိုပါ တစ်ပါတည်း ဆက်စပ်ဖော်ဆောင်ပေးနေသည်။

မိမိတို့နိုင်ငံကို အိမ်နီးနားချင်း ပတ်ဝန်းကျင် နိုင်ငံများထက် ဖွံ့ဖြိုးမှုနောက်ကျကျန်နေသော ဝဲဂယက်မှ ထိုးထွက်နိုင်စေရန်အတွက် တိုင်းချစ်ပြည်ချစ်စိတ်ရှိသူတိုင်း ဆတက်ထမ်းပိုးတိုးပြီး အားကြိုးမာန်တက်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရမည်၊ အခြားနိုင်ငံများနည်းတူ ရင်ပေါင်တန်းလျှောက်လှမ်းနိုင်ရမည်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားပြီး လူနေမှုအဆင့်အတန်း တိုးတက်လာစေရမည်ဆိုသည့် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ကြိုးပမ်းဖော်ဆောင်ကြရန် လိုအပ်ပေသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူအချင်းချင်း ရိုင်းပင်းချစ်ကြည် စည်းလုံးညီညွတ်ကြရမည်။ မြန်မာပြည်သား၊ မြန်မာပြည်သူဟူသမျှ ကိုယ်စီကိုယ်င လုံ့လစိုက်ထုတ် အလုပ်လုပ်ကြရန်ဖြစ်သည်။ သယံဇာတ ပေါကြွယ်ဝသော အမိနိုင်ငံတော်ကို စည်းလုံးညီညွတ်မှုဖြင့် ဝိုင်းရံပြီး ငြိမ်းချမ်းသာယာမှုများ ခဈောင်းစေကာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုမင်္ဂလာအပေါင်းနှင့် ပြည့်ဝအောင် နိုင်ငံ့သားကောင်း၊ သမီးကောင်းများပီပီ ဦးလည်မသုန် ကြိုးပမ်းထမ်းရွက်ကြရပေမည်။

နှစ်ပရိစ္ဆေဒကြာမြင့်စွာ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် ညီညီညွတ်ညွတ် လက်တွဲနေထိုင်ခဲ့ကြပါလျက် ကိုလိုနီနယ်ချဲ့တို့၏ ပယောဂကြောင့်သွေးကွဲခဲ့ရသည်ကိုသင်ခန်းစာယူကြရပါမည်။ သယံဇာတအရင်းအမြစ် ကြွယ်ဝပြီး တိုင်းရင်းသားပြည်သူများ၏ လူ့စွမ်းအားအရင်းအမြစ် ထက်မြက်မြင့်မားပါလျက် စည်းလုံးညီညွတ်မှု လျော့ပါးခဲ့ရ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရသည်ကို သင်ခန်းစာရယူကြရပါမည်။ မညီညွတ်ခြင်းသည် ဘေးဘျမ်းရန်ဘယာ ဖြစ်စေတတ်ကြောင်း၊ ညီညွတ်ခြင်းသည် အေးချမ်းသာယာဖြစ်စေတတ်ကြောင်းကို မြန်မာနိုင်ငံ၏ သမိုင်းအလှည့်အပြောင်း အချိုးအကွေ့များက ညွှန်ပြထားပြီး ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက တိုင်းပြည်နှင့်လူမျိုး ရေရှည်ကောင်းစားရေးအတွက် နေ့မအားညမနား အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသကဲ့သို့ တပ်မတော်ကလည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်သာမက ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် မမိုတ်မသုန် ထမ်းဆောင်လျက်ရှိသည့်နည်းတူ တိုင်းရင်းသားပြည်သူများကလည်း ဝိုင်းဝန်းအားထုတ် အလုပ်လုပ်ကြခြင်းဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ချက်ပန်းတိုင်သို့ မကြာမီ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။ ။

လွတ်လပ်ရေး အားမာန်

❊ မြန်မာဆိုတာ–––။
ကချင်၊ ကယား၊ ကရင်၊ ချင်းရယ်နဲ့
ရိုင်းပင်းကာ ညီညာတဲ့
မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း
တစ်စိတ်တစ်ဝမ်းတည်းပါ။
တစ်ပါးသူ လက်အောက်မှာ
ဘယ်ခါမျှ မပျော်ပိုက်။
ကိုယ့်အိမ် ကိုယ့်ယာနဲ့
ကိုယ့်ရပ်ရွာ ကိုယ့်လယ်တော
ပျော်မောနှစ်ခြိုက်။

❊ မြန်မာဆိုတာ–––။
အရေးကြုံ သွေးဆုံစည်းပါလို့
အရေးကြီး သွေးနီးကြ
မြန်မာ့အစဉ်အလာ။
အရေးရှိ သွေးညီကာ
ညီညာတဲ့ စိတ်ဓာတ်။
တရားမပျက်သလိုပဲ့
ဓားထက်တာ ဒို့လူမျိုး
မညှိုး ဂုဏ်ဒြပ်။

❊ မြန်မာဆိုတာ–––။
သူ့လက်လာ ကိုယ့်လက်တွေ့
သိမ်မွေ့လို့ ဖော်ရွေစွာ
ဆက်ဆံတတ်ပါ။
သူတစ်ပါးအပေါ်မှာ
အပြစ်မရှာ အဆိုးမပြုး။
ဒို့ကို ငြိုးပါလို့
အဆိုးမြင် မဟုတ်မဟပ်တွေနဲ့
ပုတ်ခတ်ကာ တမင်ညွှန်းလျှင်ဖြင့်
တစ်ခွန်းမခံ ပြန်ချေပမယ်
မြန်မာ့သဘော။

❊ ဒို့ မြန်မာ ညီနောင်ထုရယ်က
သူ့ရေမြေ အာသာငမ်းပါလို့
ခြေတစ်လှမ်း မကျူးပါ။
ဒို့မြေမှာ သူခြေရှုပ်လျှင်လည်း
တိုက်ထုတ်မည်သာ။
သမိုင်းက သက်သေပမာ
ပြည်မြန်မာ စုစည်း။
လွတ်လပ်ရေး အတွက်ကယ်ဖြင့်
အထွတ်အမြတ် သွေးအသက်တွေနဲ့
ပေးဆပ်ကာ မြန်မာပြည်သားရယ်လို့
ဒို့အားမာန် ကမ္ဘာအနှံ့
ပျံ့ခဲ့သတည်း။ ။

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်....

ခွန်ရဲသွေး(အေးသာယာ)

နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ရှိသော လမ်းညွှန်မှုများနှင့်အညီ နိုင်ငံတော်၏ နေရာအသီးသီး ကွက်လပ်မကျန်စေဘဲ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းသွားမည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်ထုတ် မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နမ့်စန်လေဆိပ်တွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ မိုင်းနောင် တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေး၊ မိုင်းပန် တပ်နယ်မှ ဗိုလ်မှူးချုပ်ညွန့်လှိုင်၊ နမ့်စန်တပ်နယ်မှ ဗိုလ်မှူးချုပ်သူရမြင့်သိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများလိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် ကျိုင်းတောင်းမြို့ အရှေ့တောင်ဘက်ရှိ နမ့်တိန်ချောင်း (ကျိုင်းတောင်းရေတံခွန်)၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၇) တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးလွှမ်းမိုးက ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရေလွှဲဆည် အမှတ်(၁)၊ ရေလွှဲဆည်အမှတ်(၂)၊ ရေယူအဆောက်အအုံ၊ ရေယူတူးမြောင်း၊ သဲနုန်းထုတ်ကန်၊ ရေသွယ်မြောင်း၊ ရေထိန်းကန် တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်သွားမည့် အစီအစဉ်များ၊ လုပ်ငန်းသုံးပစ္စည်းရောက်ရှိမှုများ၊ စီမံကိန်းပြီးစီးပါက ဓာတ်အားပို့လွှတ်ဖြန့်ဖြူးရန် စီစဉ်ထားမှုများ၊ ယာဉ်ယန္တရားအသုံးပြုနေမှုများ၊ စီမံကိန်းလုပ်ငန်းခွင်၌ အသေးစားရေအားလျှပ်စစ်စက်ရုံတည်ဆောက်၍ စီမံကိန်းစခန်းသုံးလျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်ထားမှုများ၊ နမ့်တိန်ချောင်းကူးတံတားနှစ်စင်း တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသခံတပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်ဝေက ခိုလန်–ကျိုင်းတောင်း–မိုးနဲ၊ မိုင်းပန်–ကျိုင်းတောင်းစသည့် ကားလမ်းအခြေအနေများကို တင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လူနေမှုဘဝတိုးတက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က မှာကြားရာတွင် ဤစီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်ခြင်းဖြင့် ဒေသနေတိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားတိုးတက်လာစေမှာဖြစ်ကြောင်း။

စီမံကိန်းလုပ်ငန်းများကို အရည်အသွေးစံချိန်စံညွှန်းကောင်းကောင်းဖြင့် သတ်မှတ်ကာလထက်စော၍ ပြီးစီးအောင် ကြိုးပမ်းသွားရန်ဖြစ်ကြောင်း၊ မိမိတို့၏ ဆောင်ရွက်ချက်များသည် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အကျိုးဖြစ်ထွန်းရမည်ဟူသည့် မွန်မြတ်သောစိတ်ဓာတ်ဖြင့် လုပ်ငန်းတိုင်းကို စေတနာထား၍ ထက်ထက်သန်သန် တက်တက်ကြွကြွ အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း၊ စီမံကိန်းလုပ်ငန်းခွင်၌ တည်ဆောက်လျက်ရှိသည့် နမ့်တိန်ချောင်းကူးတံတားနှစ်စင်းသည် စီမံကိန်းလုပ်ငန်းများအတွက်သာမက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုပါ များစွာအထောက်အကူပြုသွားမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျိုင်းတောင်းရေတံခွန်ကို ကြည့်ရှုကြသည်။

ဆက်လက်၍ တည်ဆောက်ပြီး ရေလွှဲဆည်များနှင့် ရေသွယ်မြောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အကောင်အထည်ဖော်ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်းမြို့၏ အရှေ့တောင်ဘက် ၁၈ မိုင်ခန့်အကွာ၌ ကျိုင်းတောင်းရေတံခွန်ဖြစ်ပေါ်လျက်ရှိပြီး သဘာဝရေနိမ့်မြင့် ကွာခြားချက်ကိုအသုံးပြု၍ နမ့်တိန်ချောင်း(ကျိုင်းတောင်းရေတံခွန်)၌ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

စီမံကိန်းတွင် ၁၈ မဂ္ဂါဝပ်ရှိ စက်သုံးလုံးတပ်ဆင်၍ ၅၄ မဂ္ဂါဝပ် ထုတ်ယူရရှိမည်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားမှာ ကီလိုဝပ်နာရီသန်းပေါင်း ၄၇၂ သန်းရှိမည်ဖြစ်သည်။ ယခုအခါ စီမံကိန်းလုပ်ငန်းများ၏ ၄၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ကျိုင်းတောင်းမြို့ရောက်ရှိ

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျိုင်းတောင်းရေအား လျှပ်စစ်စီမံကိန်း လုပ်ငန်းများကိုကြည့်ရှုစစ်ဆေးကြပြီး ရဟတ်ယာဉ်များဖြင့် ကျိုင်းတောင်းမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ကျိုင်းတောင်းမြို့ နမ့်တိန်းခန်းမ၌ ကျိုင်းတောင်းမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ကျိုင်းတောင်းမြို့အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က ခိုလန်–ကျိုင်းတောင်းနှင့် ကျိုင်းတောင်း–မိုင်းပန် ကားလမ်းအခြေအနေများ၊ စပါးစိုက်ပျိုးမှုနှင့် ဆန်ဖူလုံမှုများ၊ ကြက်ဆူပင် ဧက ၅၀၀၀ စိုက်ပျိုးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဖွံ့ဖြိုးတိုးတက်မှုရှင်းလင်း

ဆက်လက်၍ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အဆင့်တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကျိုင်းတောင်း တပ်နယ်မှ ဗိုလ်မှူးကြီးတင့်လွင်နှင့် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်တို့က ကျိုင်းတောင်းမြို့ ဖွံ့ဖြိုးတိုးတက်လာမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားရာတွင် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မိမိတို့အဖွဲ့ ကျိုင်းတောင်းမြို့သို့ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ယခင်ကနှင့်မတူဘဲ ကျိုင်းတောင်းမြို့သည် သိသိသာသာဖွံ့ဖြိုးတိုးတက်လာသည်ကိုတွေ့ရသဖြင့် ဝမ်းသာပါကြောင်း။

ပိုမိုကောင်းမွန်လာ

နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ဘဝ လုံခြုံအေးချမ်းမှုရှိအောင်၊ လူနေမှုအဆင့်အတန်းများ မြင့်မားတိုးတက်လာအောင် အစဉ်အမြဲဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိသည်နှင့်အမျှ ဒေသအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုမှာလည်း ပိုမိုကောင်းမွန်လာမှာဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ရှိသော လမ်းညွှန်မှုများနှင့်အညီ နိုင်ငံတော်၏ နေရာအသီးသီး ကွက်လပ်မကျန်စေဘဲ ဖြစ်နိုင်သမျှ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မိမိတို့ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး ကျိုင်းတောင်းမြို့ ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်းကို တာဝန်ခံဆရာဝန် ဒေါက်တာစောဟဲမူထူးအား ပေးအပ်သည်။

ထို့နောက် သာသနာ့ရက္ခိတ တံ့ဟုန်းကျောင်းတိုက်သို့ သွားရောက်၍ ဘဒ္ဒန္တ သောစိတ္တအမှူးပြုသောဆရာတော်များအား ဖူးမြော်ကြည်ညို၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းလျှောက်ထားကာ လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ကျိုင်းတောင်းမြို့ ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

မွန်မြတ်သောစိတ်ဓာတ်ဖြင့် စေတနာထား တက်တက်ကြွကြွ ဆောင်ရွက်

- **စီမံကိန်းလုပ်ငန်းများကို အရည်အသွေးစံချိန်စံညွှန်းကောင်းကောင်းဖြင့် သတ်မှတ်ကာလထက်စော၍ ပြီးစီးအောင် ကြိုးပမ်းသွားရန်ဖြစ်၊ မိမိတို့၏ ဆောင်ရွက်ချက်များသည် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အကျိုးဖြစ်ထွန်းရမည်ဟူသည့် မွန်မြတ်သောစိတ်ဓာတ်ဖြင့် လုပ်ငန်းတိုင်းကို စေတနာထား၍ ထက်ထက်သန်သန် တက်တက်ကြွကြွ အကောင်အထည်ဖော် ဆောင်ရွက်၊**
- **ရှမ်းပြည်နယ်(တောင်ပိုင်း)ကျိုင်းတောင်းမြို့၏ အရှေ့တောင်ဘက် ၁၈ မိုင်ခန့်အကွာ၌ ကျိုင်းတောင်းရေတံခွန်ဖြစ်ပေါ်လျက်ရှိပြီး သဘာဝရေနိမ့်မြင့် ကွာခြားချက်ကို အသုံးပြု၍ နမ့်တိန်ချောင်း(ကျိုင်းတောင်းရေတံခွန်)၌ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်။**



ဒီဇင်ဘာ ၃၁ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ပရဝဏ် တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း စာ-၃)
(သတင်းစဉ်)

ထို့နောက် ကျိုင်းတောင်းမြို့ ဖွံ့ဖြိုးတိုးတက်လာမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရဟတ်ယာဉ်များဖြင့် လွိုင်လင်ခရိုင် ပင်လုံမြို့သို့ရောက်ရှိကြပြီး ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ဆောက်ရေးအလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပင်လုံမြို့ ပြည်ထောင်စုကျောက်တိုင်သို့ သွားရောက်၍ ပြည်ထောင်စုကျောက်တိုင်နှင့် ကျောက်တိုင်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ ယင်းနောက် ပြည်ထောင်စုကျောက်တိုင်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် လွိုင်လင်မြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁ ရက်နံနက်ပိုင်းတွင် ရွှေညောင်-တောင်ကြီး- ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ခေတ်မီသံရည်ကျိုစက်ရုံ

ရထားလမ်းဖွင့်ပွဲအပြီးတွင် တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်သို့ ရောက်ရှိကြပြီး ခေတ်မီသံရည်ကျိုစက်ရုံသို့ သွားရောက်၍ စက်ရုံ၏ Foundry Shop ၌ Fly Wheel၊ Oil Mill Bearing၊ Counter Holder၊ Brake Drum စသည့် မော်တော်ယာဉ်သုံးစက်ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်ထားမှုများကိုလည်းကောင်း၊ မော်တော်ယာဉ်သုံးစက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် Pattern များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စုဆောင်းထားသည့် ကုန်ကြမ်းပစ္စည်းများနှင့် Fly Wheel 2L ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း

တည်နေရာ	- ရှမ်းပြည်နယ် (တောင်ပိုင်း) ကျိုင်းတောင်းမြို့၏ အရှေ့တောင်ဘက် ၁၈ မိုင်ခန့်အကွာ
ရယူမည့်ရေအား	- ကျိုင်းတောင်းရေတံခွန် (နန့်တိန်ချောင်း အနီး)
စက်အင်အား	- ၁၈ မဂ္ဂါဝပ်ရှိ စက်သုံးလုံး၊ စုစုပေါင်း ၅၄ မဂ္ဂါဝပ်
ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အား	- နှစ်စဉ်ပျမ်းမျှ ကီလိုဝပ် နာရီသန်းပေါင်း ၄၇၂ သန်း
လုပ်ငန်းပြီးစီးမှု	- စီမံကိန်းလုပ်ငန်းများ၏ ၄၆ ရာခိုင်နှုန်း

ထို့နောက် Forging Shop ၌ မော်တော်ယာဉ်ကိုယ်ထည် အစိတ်အပိုင်း ထုတ်လုပ်နေမှုများကို အသေးစိတ် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ Machine Shop သို့သွားရောက်ပြီး Fly Wheel 2 C ထုတ်လုပ်ထားမှုများ၊ ကြက်ဆူဆီကြိတ်စက်ထုတ်လုပ်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းပြသ

ထို့နောက် Machine Shop ရှိ စက်ပစ္စည်းများ၏စက်ခုတ်စားနိုင်မှုများကို အေးသာယာစက်မှုဇုန်တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် သံရည်ကျိုစက်ရုံအနီး၌ အေးသာယာစက်မှုဇုန်ထုတ်ပစ္စည်းများ ခင်းကျင်းစီစဉ်ပြသထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်က ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ခရိုင်နှင့် မြို့နယ်များအလိုက် ကြက်ဆူပင်စိုက်ပျိုးသွားမည့် အစီအစဉ်များကိုလည်းကောင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က တပ်နယ်အလိုက် ကြက်ဆူပင် စိုက်ပျိုးသွားရန် စီစဉ်ထားမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကြက်ဆူပင်စိုက်ပျိုးရန်ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ပြည်နယ်အတွင်း ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကများနှင့် တပ်ရင်းတပ်ဖွဲ့များက ကြက်ဆူပင်များစိုက်ပျိုးသွားရန် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းတို့က လိုအပ်သည်များကို မှာကြားကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် စက်မှုလယ်ယာဦးစီးဌာနက ပြသထားသည့် ကြက်ဆူပင်စိုက်ပျိုးရေးဆိုင်ရာ ပြခန်းနှင့် ကြက်ဆူဆီလက်တွေ့ကြိတ်ခွဲပြသမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အေးသာယာစက်မှုဇုန်ထုတ် ဓာတ်မြေသြဇာများ၊ ရှမ်းစတားဂျစ်အပါအဝင် ဂျစ်ကားငယ်များ၊ ကုန်တင်ယာဉ်ကြီးများ၊ မှန်လုံယာဉ်ငယ်များ၊ ဖိုင်ဘာပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

လယ်ယာသုံးစက်ကိရိယာများကြည့်ရှု

ထို့နောက် စပါးခြွေလှေ့စက်နှင့် တောင်ပေါ်ကျွဲ လက်တွန်းထွန်စက်စသည့် လယ်ယာသုံးစက်ပစ္စည်းများကိုလည်းကောင်း၊ ကွန်ကရစ် ကျောက်တိုင် ထုတ်လုပ်ထားမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ လယ်ယာသုံး လက်တွန်းထွန်စက်နှင့် ထော်လာဂျီတို့ကို ကြက်ဆူဆီဖြင့် မောင်းနှင်ပြသခြင်းအား ကြည့်ရှုစစ်ဆေးအားပေးကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဟဲဟိုးလေဆိပ်သို့ရောက်ရှိကြပြီး တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။

အသင်းဝင်များနှင့်တွေ့ဆုံ

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဗိုလ်ချုပ်အောင်မင်းနှင့် ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် ဒီဇင်ဘာ ၃၁ ရက် ညနေပိုင်းတွင် လွိုင်လင်မြို့ လွိုင်လင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်အသင်းများနှင့် မြို့နယ် အသင်းများမှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့်အသင်းဝင်များအား တွေ့ဆုံမှာကြားကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဗိုလ်ချုပ်အောင်မင်းက လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ဘုန်းတော်ကြီးကျောင်းများသို့လှူဒါန်းနိုင်ရန် ဆန်အိတ် ၁၀၀ ကိုလည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆန်အိတ် ၁၀၀ နှင့် ငွေကျပ် ၁၀ သိန်းတို့ကိုလည်း ကောင်း၊လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများထံပေးအပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၅ မှ

သော ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းအဖွဲ့ချုပ်မှ ဦးခွန်စိန်ဝင်းက ဖတ်ကြားတင်ပြသည်။

(ဦးခွန်စိန်ဝင်း၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းအဖွဲ့မှ ဦးစိန်ထွန်းမှ ဖတ်ကြားတင်ပြသည်။

(ဦးစိန်ထွန်း၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ပါတီ

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေး အကြံပြုချက်စာတမ်းကို ယင်းပါတီမှ ဦးကျာရှီးက ဖတ်ကြားတင်ပြသည်။

(ဦးကျာရှီး၏ ဖတ်ကြားတင်ပြချက်ကိုဆက်လက်ဖော်ပြသွားပါမည်။)

ပြည်ထောင်စုကရင်အမျိုးသားများ အဖွဲ့ချုပ်

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းအဖွဲ့ချုပ်မှ ဦးမန်းတင်အောင်(ခေါ်)ဦးမန်းမျိုးညွန့်က ဖတ်ကြားတင်ပြသည်။

(ဦးမန်းတင်အောင်(ခေါ်) ဦးမန်းမျိုးညွန့်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ခေတ္တရပ်နားသည်။

ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ

ထို့နောက် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို မွန်းလွဲ ၁ နာရီခွဲတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေး အကြံပြုချက်စာတမ်းများကို ဆက်လက်ဖတ်ကြား တင်ပြရာတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေး ပါတီ၏ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းပါတီမှ ဦးယန်ကျင့်ကန်က ဖတ်ကြားတင်ပြသည်။

(ဦးယန်ကျင့်ကန်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော ‘ဝ’ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ယင်းပါတီမှ ဦးညီပလုပ်က ဖတ်ကြားတင်ပြသည်။

(ဦးညီပလုပ်၏ ဖတ်ကြားတင်ပြချက်ကိုဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို မွန်းလွဲ၂နာရီခွဲတွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဇန်နဝါရီ၃ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဆွေးနွေးအကြံပြုချက်စာတမ်းများ ဆက်လက်ဖော်ပြသွားမည်

ရန်ကုန် ဇန်နဝါရီ ၂

ယနေ့ကျင်းပသည့်အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ဖတ်ကြားတင်ပြသည့်ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက်စာတမ်း၊မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်း၊လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်း၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက်စာတမ်း၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့် ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် ဇန်နဝါရီ ၂

၂၀၀၆ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည့် ၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ထိုနေ့နံနက် ၆နာရီ ၄၅ မိနစ်မှ စတင်၍ အခမ်းအနားကျင်းပရာ ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်မှနေပြီး တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

The Commerce Journal အတွဲ(၆)၊ အမှတ်(၁)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂

နောက်ဆုံးရ စီးပွားရေးသတင်းအချက်အလက်များကို ဦးစားပေးဖော်ပြနေသည့် The Commerce Journal အတွဲ(၆)၊ အမှတ်(၁)ကို ယနေ့ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါဂျာနယ်တွင် ရွှေဈေး ဒေါ်လာ ၅၀၀ ကျော်သောအခါ (မောင်စူးစမ်း)၊ ဘဝခရီးသွားလမ်းညွှန်(ဒေါက်တာခင်မောင်ညို)၊ ပလတ်စတစ်အမှိုက်နှင့် စီးပွားဖြစ်လာသူ (ကြည့်ရှုန်း)၊ အဝင်နှင့်အထွက်(ကြည်မင်း)၊ တရုတ်ဈေးဝယ်သူအမျိုးမျိုး(မောင်ပုဆိုးကြမ်း)၊အတွန့်အလိမ်ဖက်ရှင် တစ်ခေတ်ဆန်းလာပြန်ပြီ၊ အချစ်စံအိမ်ထဲက လီယောင်ဂျေး၊ ၂၀၀၅ ခုနှစ် ဂီတလောကသုံးသပ်ချက်၊ မြန်မာ့သရက် ဂျပန်ကုမ္ပဏီများ စိတ်ဝင်စား၊ ပို့ကုန်အမယ်ထူးများ စသည့် သုတ၊ ရသဆောင်းပါးများအပြင် သတင်း၊ ဗေဒင်၊ ဟာသများဖြင့် ဝေဝေဆာဆာ ဖော်ပြထားပြီး အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့မှ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်၏ ပထမအစည်းအဝေးစတင်သည့်နေ့မှ ၁၅ ရက်အတွင်း ကျင်းပရမည်

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရီ ဖတ်ကြားတင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–

၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၃၊ ၁၄ နှင့် ၁၅ ရက်နေ့များတွင် ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ ထို့အပြင် အဆိုပါ ရှင်းလင်းပြောကြားချက်များနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများကိုချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန်ပြောကြားခဲ့ပါကြောင်း၊ ယင်းသို့ ပြောကြားချက်အရ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ဤစာတမ်းကို တင်ပြခြင်း ဖြစ်ပါကြောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို လေ့လာရာတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ပြည်ထောင်စုလွှတ်တော်အပိုင်းတွင် ၂၈ ချက်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အပိုင်းတွင် ၁၉ ချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အပိုင်းတွင် ၂၃ ချက်တို့ အသီးသီးပါရှိကြောင်း တွေ့ရှိရပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအနက် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများ ကျင်းပခြင်းနှင့်စပ်လျဉ်းပြီး–

"ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်၏ ပထမအစည်းအဝေးစတင်သည့်နေ့မှ ၁၅ ရက်အတွင်း ကျင်းပရမည်။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို ပြည်ထောင်စုလွှတ်တော်နာယကက ခေါ်ယူကျင်းပရမည်"

ဟု ပါရှိပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ ပါဝင်ဖွဲ့စည်းရသည့်အလျောက် ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေးအား ပြည်သူ့လွှတ်တော်အစည်းအဝေးကို ပထမကျင်းပစေပြီးမှ ကျင်းပစေခြင်းမှာ သင့်မြတ်ပါကြောင်း၊ ထို့အပြင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူခွင့်ပြုချက်ဖြင့် အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကဏ္ဍများ သက်ဝင်လှုပ်ရှားလာအောင် အချိန်မီဆောင်ရွက်ရန် လိုအပ်သည့်အလျောက် ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေးကို စောနိုင်သမျှစောပြီး ကျင်းပရန်လိုအပ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အထက်ပါအတိုင်း ပြည်သူ့လွှတ်တော် ပထမအစည်းအဝေး စတင်သည့်နေ့မှ ၁၅ ရက်အတွင်း ကျင်းပရန်သတ်မှတ်ခြင်းသည် လျော်ကန်သင့်မြတ်ပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို ပြည်ထောင်စုလွှတ်တော်နာယကက ခေါ်ယူကျင်းပပေးရန်ဟူသော အချက်သည်လည်း လျော်ကန်သင့်မြတ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးများ ကျင်းပရေးနှင့် စပ်လျဉ်းပြီး–

"ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်ထောင်စုလွှတ်တော်နာယကက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက် မပိုစေရ"

ဟု ပါရှိပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်မဖြစ်မနေကျင်းပသွားရန် သတ်မှတ်ထားခြင်းဖြစ်ပြီး အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင်သော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် လေးပုံတစ်ပုံက တောင်းဆိုလျှင်သော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်နာယကက လိုအပ်သည်ဟု ယူဆသည့်အခါ၌သော်လည်းကောင်း ကျင်းပခွင့်ရှိမည်ဖြစ်သဖြင့် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်ကျင်းပရန် သတ်မှတ်ချက်မှာ လျော်ကန်သင့်မြတ်ပါကြောင်း။

ထို့အပြင် ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး လုပ်ငန်းစဉ်ကိုးရပ်ကို တင်ပြထားကြောင်း လေ့လာတွေ့ရှိရပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုတစ်ခုလုံးနှင့် အကျုံးဝင်လျက်ရှိသည့်အပြင် ကမ္ဘာ့နိုင်ငံအသီးသီး၌ ကျင့်သုံးလျက်ရှိသည့် လွှတ်တော်အစည်းအဝေးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၌ ကျင့်သုံးဖော်ဆောင်ခဲ့သည့် လွှတ်တော်အစည်းအဝေးများကို လေ့လာစိစစ်ထားပြီး မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့်ပါ ဆီလျော်ကိုက်ညီမည့် လုပ်ငန်းများဖြစ်ကြောင်း လေ့လာတွေ့ရှိရသဖြင့် ထပ်မံဖြည့်စွက်အကြံပြုရန်မရှိပါကြောင်း တင်ပြအပ်ပါကြောင်း။

ဆက်လက်ပြီး ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးများကျင်းပခြင်းနှင့် စပ်လျဉ်းပြီး–

"ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် ပြည်ထောင်စုလွှတ်တော်နာယကက ခေါ်ယူကျင်းပနိုင်သည်"

ဟု ပါရှိပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်တို့၏ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းပါတီမှ ဦးထွန်းရီက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အဆိုပါသတ်မှတ်ချက်မှာ ပြည်ထောင်စုလွှတ်တော်၏ လုပ်ငန်းများ သွက်လက်ထက်မြက်ရေးကို အထောက်အကူဖြစ်စေနိုင်သည့်အပြင် နာယက၏ ဆောင်ရွက်ပိုင်ခွင့်ကို ပေါ်လွင်နေသဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများ ခေါ်ယူကျင်းပရေးနှင့် စပ်လျဉ်းပြီး–

"ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် ပြည်ထောင်စုလွှတ်တော်နာယကသည် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံးခေါ်ယူကျင်းပရမည်" ထို့အပြင်

"ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပပေးရန် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက တောင်းဆိုလျှင် ပြည်ထောင်စုလွှတ်တော်နာယကက အထူးအစည်းအဝေးကို အမြန်ဆုံးခေါ်ယူကျင်းပရမည်"

ဟု ပါရှိပါကြောင်း။

အဆိုပါအချက်များသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများ ခေါ်ယူခွင့်နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုပိုင်ခွင့်နှင့် ပြည်ထောင်စုလွှတ်တော်နာယကက ဆောင်ရွက်ရမည့်လုပ်ငန်းများကို ပေးအပ်ထားခြင်းဖြစ်သည့်အပြင် အများပြည်သူအကျိုးအတွက် ရည်ရွယ်ဆောင်ရွက်ထားချက်များဖြစ်သဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများ အထမြောက်မှုနှင့်စပ်လျဉ်း၍–

"(က) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် ဦးရေတက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းရမည်။

(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပရသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံတက်ရောက်လျှင် အစည်းအဝေးများ အထမြောက်သည်"

ဟု ပါရှိပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများ အထမြောက်မှုနှင့်စပ်လျဉ်းပြီး ဖော်ပြချက်များသည် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ အများစု၏ ကိုယ်စားပြုမှုကို ပေါ်လွင်စေသည့်အပြင် သတ်မှတ်သည့်အရေအတွက် မပြည့်သဖြင့် အစည်းအဝေးများ အထမမြောက်မှုကြောင့် လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုများကို ရှောင်ရှားနိုင်မည်ဖြစ်သဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း။

ထို့အပြင် ပြည်ထောင်စုလွှတ်တော်က အဆုံးအဖြတ်ပြုရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍–

"(က) ပြည်ထောင်စုလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် နာယကတာဝန်ထမ်းဆောင်နေသည့် ဒုတိယနာယကသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့်ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်"

ဟု ပါရှိပါကြောင်း။

ပြည်ထောင်စုလွှတ်တော်တွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ များရာဆန္ဒမဲဖြင့် အဆုံးအဖြတ်ပြုစေခြင်းနှင့် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဒုတိယနာယကတို့၏ ဆန္ဒမဲပေးခွင့်နှင့်စပ်လျဉ်းသည့် အချက်များမှာလည်း လျော်ကန်သင့်မြတ်မှု ရှိပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်မရှိဘဲ အစည်းအဝေးတက်ရောက်ရန် ရက်ပေါင်းများစွာ တစ်ဆက်တည်းပျက်ကွက်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့်စပ်လျဉ်းပြီး–

"ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတစ်ရပ်တွင် ပြည်ထောင်စုလွှတ်တော်နာယက၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်းပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရန် ပြည်ထောင်စုလွှတ်တော်နာယကက သက်ဆိုင်ရာလွှတ်တော်သို့ အကြောင်းကြားရမည်။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ ရက်ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်း မပြုရ"

ဟု ပါရှိပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ မှန်မှန်တက်ရောက်တာဝန်ထမ်းဆောင်ရန် တာဝန်ရှိသကဲ့သို့ မလွှဲမရှောင်သာသည့် အကြောင်းများကြောင့် လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်ပါက သက်ဆိုင်ရာ လွှတ်တော်နာယကထံ ခွင့်ပန်ကြားရန် လိုအပ်သည်မှာ မှန်ကန်ပါကြောင်း၊ သို့ရာတွင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံတစ်ဝန်း ဒေသအသီးသီး၌ နေထိုင်လျက်ရှိနေကြပါကြောင်း၊ ဆက်သွယ်ရေးစနစ်များ အလွန်တိုးတက်ကောင်းမွန်နေသည့် ခေတ်ကြီးဖြစ်သော်လည်း ရေကြီးခြင်း၊ မြေပြိုခြင်း စသည့် သဘာဝအတားအဆီးများနှင့် အခြားမမျှော်မှန်းနိုင်သည့်အကြောင်းများနှင့် တွေ့ကြုံနေရပါက သက်ဆိုင်ရာလွှတ်တော်၏ ခွင့်ပြုချက်ရယူရန် သတ်မှတ်ခွင့်ပြုထားသည့် ၁၅ ရက်အတွင်း အချိန်မီဆောင်ရွက်ရန် အခက်အခဲရှိနိုင်ပါကြောင်း။

မိမိ၏ပယောဂကြောင့်မဟုတ်ဘဲ မမျှော်မှန်းနိုင်သည့်ဖြစ်ရပ်များကြောင့် သတ်မှတ်ကာလအတွင်း အချိန်မီ ခွင့်ပြုချက်မရယူနိုင်မှုကြောင့် အရေးယူခံရမည်ဆိုပါက သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်အတွက်သာမက နိုင်ငံတော်အတွက်ရော မဲဆန္ဒရှင် ပြည်သူများအတွက်ပါ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာစေနိုင်ပါကြောင်း၊ သို့ဖြစ်၍ ခွင့်ပန်ကြားရန် အချိန်ကာလ သတ်မှတ်ချက်ကို ၁၅ ရက်အစား ရက်ပေါင်း ၃၀ အထိ တိုးမြှင့်ရေးကို စဉ်းစားသင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍–

"ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာ အချို့ လစ်လပ်နေစေကာမူ ပြည်ထောင်စုလွှတ်တော် လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူတစ်ဦးက ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ"

ဟု ပါရှိပါကြောင်း။

ယင်းဖော်ပြချက်သည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို မျှော်ကိုးပြီး ပြည်ထောင်စုလွှတ်တော်၏ လုပ်ငန်းများကို စဉ်ဆက်မပြတ် ပုံမှန်ဆောင်ရွက်သွားနိုင်ရေးကို ရှေးရှုဆောင်ရွက်ချက်များဖြစ်သဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များ၊ မှတ်တမ်းများကို အများပြည်သူ သိရှိနိုင်ခွင့်နှင့်စပ်လျဉ်းပြီး–

"ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်း မပြုရ"

ဟု ပါရှိပါကြောင်း။

နိုင်ငံအတွက် လျှို့ဝှက်သင့်သည့်လုပ်ငန်းများကို လျှို့ဝှက်ထားရှိပြီး အများပြည်သူ သိရှိသင့်သည့် ကိစ္စရပ်များကို သိရှိနိုင်စေရန် ရည်ရွယ်သဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ အာဏာသက်ရောက်မှုများနှင့်စပ်လျဉ်းပြီး–

"(က) ပြည်ထောင်စုလွှတ်တော်သည် 'ပြည်ထောင်စု ဥပဒေပြုစာရင်း' တွင် ဖော်ပြသောကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်"

(ခ) ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင် တင်သွင်းသည့်ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုလျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်"

ဟု ပါရှိပါကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁

စာမျက်နှာ ၁၀ မှ

ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက တင်ပြလာချက်များကို အဆုံးအဖြတ်ပေးခြင်းနှင့် နိုင်ငံတော်သမ္မတအား လွှဲအပ်ခြင်းတို့မှာ လျော်ကန်သင့်မြတ်

ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုခွင့်ရှိသည့်ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုဥပဒေပြုစာရင်း၌ ဖော်ပြပါရှိသည့်ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတစ်ဝန်းလုံးအတွက် ဖြစ်စေ၊ ပြည်ထောင်စု၏တစ်စိတ်တစ်ဒေသအတွက်ဖြစ်စေ ဥပဒေပြဋ္ဌာန်းခွင့် ရှိသည်ဟူသောအချက်နှင့် အထက်အပိုဒ်ခွဲ(ခ)၌ပါရှိသည့်အချက်များသည် လျော်ကန်သင့်မြတ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုခွင့်ရှိသည့်ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး–

“(က) ပြည်ထောင်စုလွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ–

(၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်၊

(၂) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) ဥပဒေတစ်ရပ်ကအပ်နှင်းသည့် လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်း ဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများသည် ဤ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရပါမည်။

(ဂ) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်စလုံးပါ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန်ဆုံးဖြတ်ပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်သည် သို့မဟုတ် ပြင်ဆင်စေသည်ဟု မှတ်ယူရမည်။

(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်။

(င) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် အပိုဒ်ခွဲ(ဂ) သို့မဟုတ်(ဃ)အရ ဆုံးဖြတ်ပါက ထိုသို့ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်းမပြုမီ ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်းမရှိစေရ”ဟု ပါရှိပါကြောင်း။

ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို ပြည်ထောင်စုအဖွဲ့အစည်းတစ်ရပ်ရပ်အား လုပ်ပိုင်ခွင့်များ အပ်နှင်းနိုင်မှု၊ ယင်းသို့ အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲချက်များ ရှိပါက ပြင်ဆင်ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်ခွင့်တို့မှာ လျော်ကန်သင့်မြတ်ပါကြောင်း။

သို့ရာတွင် အပိုဒ်ခွဲ(င)အရ အကယ်၍ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းတို့ ပြုလုပ်ခဲ့ပါက ထိုသို့ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းမပြုမီ ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်းမရှိစေရဟု ပါရှိပါကြောင်း၊ ယင်းသို့ချုပ်ချော်တိမ်းစောင်းခြင်းများအတွက် တာဝန်ရှိမှုအပိုင်း ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရပါကြောင်း၊ ယခုကဲ့သို့သော တိမ်းစောင်းမှုများ၏ အကျိုးဆက်များသည် နိုင်ငံနှင့်ပြည်သူတို့အတွက် များစွာထိခိုက်နစ်နာဖွယ် ရှိပါကြောင်း။

သို့ဖြစ်ရာ ယင်းကဲ့သို့ မှားယွင်းဆောင်ရွက်မှုများသည် သဘောရိုးဖြင့် မှားယွင်းဆောင်ရွက်ခဲ့ခြင်း ဟုတ်မဟုတ်နှင့် ထိုကဲ့သို့ မှားယွင်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို ထိခိုက်ဆုတ်ယုတ်စေခြင်း ရှိမရှိဟူသော အချက်များကိုပါ လေ့လာစိစစ်ဆောင်ရွက်မှုများ ပြုလုပ်သင့်သည်ဟု သဘောရရှိပါကြောင်း။

အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များ အတည်ပြုရေးတို့နှင့်စပ်လျဉ်းပြီး–

“ပြည်ထောင်စုလွှတ်တော်သည်

(က) နိုင်ငံတော်သမ္မတက တင်ပြသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များကို အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

(ခ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များအနက် မည်ကဲ့သို့သော စာချုပ် သို့မဟုတ် သဘောတူညီချက် အမျိုးအစားကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန် မလိုအပ်ဘဲ ချုပ်ဆိုခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့ကို ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတအား လုပ်ပိုင်ခွင့် လွှဲအပ်နိုင်သည်”ဟု ပါရှိပါကြောင်း။

ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက တင်ပြလာချက်များကို အဆုံးအဖြတ်ပေးခြင်းနှင့် နိုင်ငံတော်သမ္မတအား လုပ်ပိုင်ခွင့်များလွှဲအပ်ခြင်းတို့မှာ နိုင်ငံတကာနှင့် မြန်မာနိုင်ငံက ကျင့်သုံးဆောင်ရွက်ခဲ့မှုများအပေါ် မူတည်၍ ပြည့်စုံစွာသုံးသပ်ဖော်ပြခြင်းဖြစ်သဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း၊ ထို့အပြင် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ် သဘောတူညီချက်နှင့် အတည်ပြုချက် ရယူမည့်ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး တစ်စုံတစ်ရာ ဖြည့်စွက်ဆွေးနွေးရန်မရှိပါကြောင်း တင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူမည့်ကိစ္စရပ်များ၊ သဘောတူညီချက်ရယူမည့် ကိစ္စရပ်များနှင့် အတည်ပြုချက်ရယူမည့်ကိစ္စများနှင့် စပ်လျဉ်း၍ ပါရှိသောအချက်သုံးချက်နှင့် ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်တစ်ရပ်ကို ထုတ်ပြန်ပြီး ယင်းအမိန့်ကိုအတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့်အခါ ဆောင်ရွက်ရမည့် အချက်သုံးချက်တို့သည်လည်း လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ဥပဒေကြမ်းများတင်သွင်းနိုင်မှုနှင့်စပ်လျဉ်းပြီး–

“(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသည်“ပြည်ထောင်စုဥပဒေပြုစာရင်း”တွင်ပါရှိသော ကိစ္စရပ်များအနက် မိမိတို့စီမံခန့်ခွဲသည့်ကိစ္စရပ်များနှင့်စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်”ဟု ပါရှိပါကြောင်း။

လွှတ်တော်များ၏လုပ်ငန်းတာဝန်များတွင် ဥပဒေပြုရေးသည်အဓိကကျသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုအစိုးရ အဖွဲ့နှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ဥပဒေကြမ်းများ တင်သွင်းခွင့်နှင့် ပြည်ထောင်စုလွှတ်တော်ကဆောင်ရွက်နိုင်ခွင့်တို့နှင့် စပ်လျဉ်းသည့်အချက်များသည် လျော်ကန်သင့်မြတ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု သတ်မှတ်ထားသော ဥပဒေကြမ်းများမှအပ အခြားဥပဒေကြမ်းများနှင့် စပ်လျဉ်းပြီး–

“ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်သောဥပဒေကြမ်းများမှအပ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့်ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်ဆွေးနွေးဆောင်ရွက်ခွင့်ရှိသည်”ဟု ပါရှိပါကြောင်း၊ အဆိုပါဖော်ပြချက်မှာ ဥပဒေကြမ်းများတင်သွင်းဆွေးနွေးခွင့်နှင့်စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ကွဲကွဲပြားပြားရှိစေရန် ရည်ရွယ်ထားခြင်းဖြစ်သဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း။

ဥပဒေကြမ်းများအား လွှတ်တော်သို့မတင်မီ လေ့လာစိစစ်ရန်လိုအပ်ပါက ဆောင်ရွက်ရေးနှင့်စပ်လျဉ်းပြီး–

“ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့်ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ရန် လိုအပ်ပါက ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီတို့အား ပူးပေါင်းလေ့လာစိစစ်စေခြင်း၊ ယင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းနှင့်အတူ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြဆောင်ရွက်စေခြင်းတို့ကို ပြုနိုင်သည်”ဟု ပါရှိပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည့်ဥပဒေကြမ်းများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ရန် လိုအပ်ပါက ဆောင်ရွက်ခွင့်ရရှိစေရန် ရည်ရွယ်ထားခြင်းဖြစ်သဖြင့် လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါကြောင်း။

ဥပဒေကြမ်းတစ်ရပ်အား ပြည်ထောင်စုလွှတ်တော်၌ဆွေးနွေးဆုံးဖြတ်ရေးနှင့်စပ်လျဉ်းပြီး–

“ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်”ဟုပါရှိပါကြောင်း။

ပြည်ထောင်စုလွှတ်တော်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အကျုံးဝင်ပါရှိသည့်အလျောက် လွှတ်တော်နှစ်ရပ်အကြား သဘောထားကွဲလွဲမှုများရှိပါက ပြည်ထောင်စုလွှတ်တော်၌ မျက်နှာစုံညီ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်းဖြင့် ပြေလည်မှုများရရှိနိုင်သဖြင့် ဆီလျော်သင့်မြတ်မှုရှိကြောင်း တင်ပြအပ်ပါကြောင်း။

ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်းပြီး–

“(က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ ပေးပို့လာသည့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ခ) နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းတစ်ရပ်ကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ်ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့် ကာလအတွင်း မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်သည်။

(ဂ) နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့် ကာလအတွင်း ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက မိမိ၏သဘောထား မှတ်ချက်ဖြင့် ပြန်လည်ပေးပို့ခြင်း မပြုလျှင်သော်လည်းကောင်း၊ ဥပဒေကြမ်းကို လက်မှတ်ရေးထိုး၍ ဥပဒအဖြစ် ထုတ်ပြန်ကြေညာခြင်း မပြုလျှင်သော်လည်းကောင်း သတ်မှတ်ကာလ ပြည့်မြောက်သည့် နေ့ရက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏လက်မှတ်ရေးထိုးချက် ကိုရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်”ဟု ပါရှိပါကြောင်း။

ဥပဒေကြမ်းများကို လွှတ်တော်များက အတည်ပြုပြီးနောက် ဥပဒေအဖြစ် ထုတ်ပြန်နိုင်ရန် နိုင်ငံတော်သမ္မတထံ တင်ပြရေး၊ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ဥပဒေထုတ်ပြန်ရေးတို့နှင့် စပ်လျဉ်းပြီး ပြည့်စုံစွာ ဖော်ပြထားသဖြင့် တစ်စုံတစ်ရာ ထပ်မံဆွေးနွေးရန် မရှိပါကြောင်း တင်ပြအပ်ပါကြောင်း။

ထို့အပြင် နိုင်ငံတော်သမ္မတထံ ပေးပို့ထားပြီးဖြစ်သော ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်နှင့်အတူ ပြန်လည်ပေးပို့လာပါက ပြည်ထောင်စုလွှတ်တော်အနေနှင့် ပြင်ဆင်ရန် သို့မဟုတ် မူလအတိုင်းအတည်ပြုနိုင်ရန် ဆုံးဖြတ်နိုင်ခွင့်၊ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းပြန်လည်ရရှိသည့်နေ့၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ရန်နှင့် သတ်မှတ်ကာလအတွင်း သမ္မတက လက်မှတ်ရေးထိုးခြင်း မရှိပါက ဥပဒေအဖြစ် အထမြောက်မှုနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ ထပ်မံဆွေးနွေးရန် မရှိပါကြောင်း တပ်ပြအပ်ပါကြောင်း။

ဥပဒေများစတင်အာဏာတည်မှုနှင့် စပ်လျဉ်းပြီး–

“နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ဥပဒေများ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက် ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော် ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက် မပါလျှင်ထုတ်ပြန်ကြေညာသည့်နေ့မှ စ၍ အာဏာတည်ရမည်”ဟု ပါရှိပါကြောင်း။

ဖော်ပြပါအချက်များသည် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ဥပဒေများကိုအများပြည်သူ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်သည့်အပြင် ဥပဒေအာဏာသက်ရောက်မှုကို ပေါ်လွင်စေသဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း။

“ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည် နာယက၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောဆိုဆွေးနွေးခွင့်ရှိသည်”ဟု ပါရှိပါကြောင်း။

ဖော်ပြပါအချက်မှာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအနေနှင့် မိမိတို့ ကိုယ်စားပြုသော အဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များကို ပြည်ထောင်စုလွှတ်တော်၌ ရှင်းလင်းဆွေးနွေးခွင့် ရရှိခြင်းဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်ထောင်စုလွှတ်တော်၏ လုပ်ငန်းများ သွက်လက် ထက်မြက်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော် နာယကအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများအဖြစ် လုပ်ငန်းစဉ် (၄)ရပ်ပါရှိသည်ကိုတွေ့ရှိရပါကြောင်း။ ယင်းလုပ်ငန်းစဉ်များတွင် နာယကသည် ပြည်သူ့လွှတ်တော် အစည်းအဝေးများ အောင်မြင်ထမြောက်စွာ ကျင်းပနိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲမှုများ ပြုလုပ် သွားရန် လိုအပ်သည်သာမက ပြည်ထောင်စုလွှတ်တော်တစ်ရပ်လုံးအနေဖြင့် ရည်မှန်းချက်နှင့်အညီ အောင်မြင်ထမြောက်စေရေးအတွက် များစွာ အရေးပါသည့်အလျောက် နာယကအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များသည် လျော်ကန်သင့်မြတ်မှုရှိကြောင်း တင်ပြအပ်ပါကြောင်း။ ထို့အပြင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြသင့်သော မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သည့် အခြေအနေအရပ်ရပ်ကို နာယက၏ ခွင့်ပြုချက်ဖြင့် တင်ပြနိုင်သည်ဟူသော အချက်မှာလည်း လျော်ကန်သင့်မြတ်ပါကြောင်း။

ပြည်ထောင်စုအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းပြီး–

“ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြသင့်သော မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သည့် အခြေအနေအရပ်ရပ်ကို နာယက၏ခွင့်ပြုချက်ဖြင့် တင်ပြနိုင်သည်”ဟု ပါရှိပါကြောင်း။

အဆိုပါဖော်ပြချက်သည် ပြည်ထောင်စုလွှတ်တော်၏ လိုအပ်ချက်အရ ဖွဲ့စည်းထားသည့်အဖွဲ့အစည်းများအနေနှင့် ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းတာဝန်များကိုအဆင်ပြေစွာဆောင်ရွက်နိုင်စေရန် ရည်ရွယ်ထားခြင်းဖြစ်သဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးပြောဆိုခွင့်များနှင့် စပ်လျဉ်းပြီး–

(က) ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်ပူးပေါင်းကော်မတီတို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ထိုသို့ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်ပူးပေါင်းကော်မတီတို့တွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော် လည်းကောင်း

စာမျက်နှာ ၁၂ ကော်လံ ၁

ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများသည် မိမိတို့တိုင်းပြည်၏ ပကတိအခြေအနေများနှင့် ဆီလျော်ကိုက်ညီမှုရှိကြောင်းတွေ့ရ

စာမျက်နှာ ၁၁ မှ

မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်တွင် လွတ်လပ်စွာပြောဆိုခွင့်ရှိသည်။ ပြည်ထောင်စုလွှတ်တော်တွင် တင်ပြ ပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ် များအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေ အရ အရေးယူခြင်းမပြုရ။

(ဂ) အထက်အပိုဒ်ခွဲ (က)နှင့်(ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည်အထက်ပါအခွင့်အရေးများကိုကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများရှိခဲ့ပါက ၎င်းတို့သည် တည်ဆဲဥပဒေများနှင့်အညီအရေးယူခြင်းခံရမည်" ဟုပါရှိပါကြောင်း။

ဖော်ပြပါအချက်များသည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့်ဖိတ်ကြား၍တက်ရောက်သူများသည် နိုင်ငံတော်နှင့် နိုင်ငံတော်သားများအကျိုးအတွက် လွတ်လပ်စွာဆွေးနွေးပြောဆိုခွင့်များကို ခွင့်ပြုထားခြင်းဖြစ်ပြီး ကိုယ်ထိလက်ရောက်ကျူးလွန်မှုများကိုမူ တည်ဆဲဥပဒေများအရ အရေးယူရန်သတ်မှတ်ချက်မှာ ပြည်ထောင်စုလွှတ်တော်၏ ဂုဏ်သိက္ခာညှိုးနွမ်းစေမှုကိုမဖြစ်ပေါ်စေရန် တားဆီးရာ၌ အထောက်အကူဖြစ်စေနိုင်သည်ဟုသဘောရရှိပါကြောင်း။

သို့ရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရ ဦးစွာပထမအရေးယူသင့်ပါကြောင်း၊ ထိုကဲ့သို့ အရေးယူရာတွင် တည်ဆဲဥပဒေများအရ အရေးယူသင့်သည့်သူများအား ပြည်ထောင်စုလွှတ်တော်၏ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရ အရေးယူမှုအပြင် တည်ဆဲဥပဒေများအရပါ ဆက်လက်အရေးယူဆောင်ရွက်မှုများပြုလုပ်သွားသင့်ပါကြောင်း၊ သို့ဖြစ်၍ ကိုယ်ထိလက်ရောက်ကျူးလွန်သူများအား ပြည်ထောင်စုလွှတ်တော်၏ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်ပါ အရေးယူဆောင်ရွက်နိုင်ရေးအတွက် အပိုဒ်ခွဲ(ဂ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရေးသားသင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

"(ဂ) အထက်အပိုဒ်ခွဲ(က)နှင့်(ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် ပြည်ထောင်စုလွှတ်တော်၏ စည်းမျဉ်း၊စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်"

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့တက်ရောက်နေသောပုဂ္ဂိုလ်များအား ဖမ်းဆီးခြင်းနှင့်စပ်လျဉ်းပြီး–

"ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတက်ရောက်နေသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်နာယက၏ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသောအထောက်အထားကို ပြည်ထောင်စုလွှတ်တော်နာယကထံတင်ပြရမည်။ ပြည်ထောင်စုလွှတ်တော်နာယက၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ"ဟုပါရှိပါကြောင်း။

ယင်းအချက်သည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများသို့တက်ရောက်လျက်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြား၍ တက်ရောက်သူများအနေဖြင့် မိမိတို့ထမ်းဆောင်ရမည့်တာဝန်များကို ထမ်းဆောင်မှုအတွက် အလွယ်တကူဖမ်းဆီးအရေးယူခံရခြင်းမှ အကာအကွယ်ပေးထားခြင်းဖြစ်ပြီး လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးကို အထောက်အကူဖြစ်စေသဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း။

အစီရင်ခံစာများနှင့် မှတ်တမ်းများထုတ်ဝေမှုနှင့်စပ်လျဉ်းပြီး–

"ပြည်ထောင်စုလွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရ"ဟု ပါရှိပါကြောင်း။

အဆိုပါအချက်သည် ပြည်ထောင်စုလွှတ်တော်က ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများနှင့် လွှတ်တော်မှတ်တမ်းများကို ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရမည့် အခွင့်အာဏာများအရ လွတ်လပ်စွာဆောင်ရွက်နိုင်ခွင့်ကို အာမခံချက်များပေးထားခြင်းဖြစ်သည့်အပြင် ပြည်ထောင်စုလွှတ်တော်၏ လုပ်ငန်းများကိုပါဖော်ဆောင်ရာတွင် များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်သဖြင့် လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့နှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များနှင့် အသေးစိတ်အခြေခံမည့်မူများအဖြစ် သတ်မှတ်နိုင်ရန်အချက် ၁၉ ချက်နှင့် အပိုဒ်ခွဲများအပါအဝင် အချက်ပေါင်း ၉၂ ချက်ကို ဘက်စုံထောင့်စုံမှ တင်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

အဆိုပါတင်ပြချက်များနှင့် စပ်လျဉ်း၍ အသေးစိတ်လေ့လာရာတွင် ပြည်ထောင်စုလွှတ်တော်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ပါဝင်ဖွဲ့စည်းထားသည့်အလျောက် လွှတ်တော်အသီးသီး၏ တာဝန်နှင့် ဆောင်ရွက်ရမည့်နည်းလမ်းများသည် တစ်ခုနှင့်တစ်ခု ဆက်နွှယ်လျက်ရှိကြောင်း တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ရာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်ရန် သင့် မသင့်တင်ပြရာတွင် ပြည်ထောင်စုလွှတ်တော်အပိုင်းတွင် တင်ပြစဉ်ကပါရှိခဲ့သည့် ကျိုးကြောင်းဖော်ပြချက်များဖြင့် ဆက်စပ်တင်ပြသွားမည်ဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော်၏ ပထမအကြိမ်ပုံမှန်အစည်းအဝေးနှင့်စပ်လျဉ်းပြီး–

"ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ် စတင်သော ပထမအကြိမ်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည်ဟုပါရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ပြည်သူ့လွှတ်တော်၏ ပထမအစည်းအဝေးစတင်သည့်နေ့မှ ၁၅ ရက်အတွင်း ကျင်းပရမည်ဟု သတ်မှတ်ထားရာ ပြည်သူ့လွှတ်တော်အစည်းအဝေးကိုကျင်းပနိုင်မှ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ကျင်းပနိုင်မည်ဖြစ်သဖြင့် ပြည်သူ့လွှတ်တော်၏ပုံမှန်အစည်းအဝေးကို အမြန်ဆုံးကျင်းပသွားရန် လိုအပ်ပါကြောင်း၊ သို့ရာတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးကျင်းပနိုင်သည်အထိ လုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန် သင့်လျော်သည့်အချိန်များလည်း ရရှိရန်လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ ပြည်သူ့လွှတ်တော်၏ ပထမအကြိမ်ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲကျင်းပသောနေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်းကျင်းပရန် သတ်မှတ်မှုသည် လျော်ကန်သင့်မြတ်ပါကြောင်း။

ထို့အပြင် အမျိုးသားလွှတ်တော်သက်တမ်းကို ပြည်သူ့လွှတ်တော်သက်တမ်းစတင်သည့်နေ့ရက်အတိုင်း သတ်မှတ်ရန်နှင့် အမျိုးသားလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့်နေ့မှ ခုနစ်ရက်အတွင်းကျင်းပရမည်ဟုပါရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ ပါဝင်ဖွဲ့စည်းရမည်ဖြစ်ရာ အမျိုးသားလွှတ်တော်သက်တမ်းကို ပြည်သူ့လွှတ်တော်စတင်သည့်နေ့ရက်အတိုင်း သတ်မှတ်ရေးနှင့် အမျိုးသားလွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေးကို သက်တမ်းစတင်ပြီးနောက် အမြန်ဆုံးကျင်းပစေရေးမှာ လျော်ကန်သင့်မြတ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်ပြီးနောက် ပထမအကြိမ်ကျင်းပသည့် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးနှင့် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရေးနှင့် နောင်ကျင်းပမည့်အစည်းအဝေးများကို သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌများက ခေါ်ယူကျင်းပရေး၊ လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုရေး၊ လွှတ်တော်အစည်းအဝေးများကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်ကျင်းပရေးနှင့် ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက် မပိုရေးတို့သည် လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်အစည်းအဝေးနှင့် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် သတ်မှတ်ချက်များနှင့် အစည်းအဝေးအထမြောက်မှု၊ ဆန္ဒမဲပေး၍ အဆုံးအဖြတ်ပေးနိုင်မှုတို့နှင့် စပ်လျဉ်း၍ ပါရှိချက်များသည် ပြည်ထောင်စုလွှတ်တော်အတွက် သတ်မှတ်ဖော်ပြထားချက်များနှင့် လိုက်လျောညီထွေရှိစေပြီး သက်ဆိုင်ရာလွှတ်တော်များအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ပီပြင်စွာဖော်ပြထားခြင်းဖြစ်သဖြင့် တစ်စုံတစ်ရာ ဖြည့်စွက်အကြံပြုရန် မရှိကြောင်း တင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့် အမျိုးသားလွှတ်တော်အစည်းအဝေးတစ်ရပ်တို့၏ ပထမနေ့တွင် အစည်းအဝေးအထမြောက်မှုနှင့် စပ်လျဉ်း၍ ပါရှိသည့်အချက်များသည်လည်းကောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ဆန္ဒမဲဖြင့် အဆုံးအဖြတ်ပေးရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အချက်များသည်လည်းကောင်း ပြည့်စုံစွာဖော်ပြထားသဖြင့် တစ်စုံတစ်ရာ ဖြည့်စွက်ဆွေးနွေးရန် မရှိပါကြောင်း တင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်အစည်းအဝေးများတွင် မိမိတို့နှင့် သက်ဆိုင်ရာလွှတ်တော်များ၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်းပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုလွှတ်တော်ကိုယ်စားလှယ် နေရာများလစ်လပ်သည်ဟု ကြေညာနိုင်ကြောင်း ပါရှိပါကြောင်း။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံအနှံ့ ဒေသအသီးသီး၌ မှီတင်းနေထိုင်လျက်ရှိကြပါကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာအစည်းအဝေးများသို့ တက်ရောက်ရန် တစ်ဆက်တည်းပျက်ကွက်သည့်နေ့ရက် သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်အပိုင်းတွင် တင်ပြခဲ့သည့်အတိုင်း အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ထားသည့် ၁၅ ရက်အတွင်း အချိန်မီဆောင်ရွက်နိုင်ရန် အခက်အခဲရှိနိုင်ပါကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာ လွှတ်တော်အသီးသီး၏ ကြိုတင်ခွင့်ပြုချက်မရဘဲ တစ်ဆက်တည်းခွင့်မဲ့ပျက်ကွက်သည့်ကာလကို ၁၅ရက် သတ်မှတ်မည့်အစား ၃၀ ရက်အထိ တိုးမြှင့်သတ်မှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ကြိုတင်ခွင့်ပြုချက်မရဘဲ သတ်မှတ်ထားသည့်ရက် အပိုင်းအခြားထက်ကျော်လွန်ပျက်ကွက်မှုကြောင့် လွှတ်တော်ကိုယ်စားလှယ်၏ နေရာများ လစ်လပ်သည်ဟု ကြေညာရာတွင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်ဟူ၍ ပါရှိပါကြောင်း၊ သို့ဖြစ်ရာ သတ်မှတ်ခွင့်ပြုထားသည့် ကာလအတွင်း ခွင့်ပြုချက်များ အချိန်မီမတောင်းခံသည့် အကြောင်းရင်းများကို လေ့လာဆောင်ရွက်သင့်ပါကြောင်း။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်နေရာများ လစ်လပ်ကြောင်း ကြေညာလိုက်သည်နှင့်တစ်ပြိုင်နက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ယင်းတို့ ကိုယ်စားပြုသူများအကြား ဆက်နွှယ်မှုနှင့် ကိုယ်စားပြုနိုင်မှုများမှာ ယာယီအားဖြင့် ပြတ်တောက်သွားနိုင်ပါကြောင်း၊ ထိုမျှမက လစ်လပ်နေရာများတွင် ပြန်လည်ရွေးချယ်မှုများပြုလုပ်ရန် လိုအပ်လာမည်ဖြစ်သဖြင့် အချိန်နှင့်ငွေကြေး ကုန်ကျမှုများရှိလာနိုင်ပါကြောင်း၊ ထို့အပြင် မဲဆန္ဒရှင် ပြည်သူများအနေဖြင့်လည်း ယင်းတို့အား ကိုယ်စားပြုနိုင်သည့် ကိုယ်စားလှယ်များအား ထပ်မံရွေးချယ်ရမည့်တာဝန်များရှိလာမည် ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့သော ဆောင်ရွက်မှုများသည် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအတွက်သာမက နိုင်ငံတော်နှင့် မဲဆန္ဒရှင်ပြည်သူများအတွက်ပါ အတိုင်းအတာတစ်ရပ်အထိ ထိခိုက်မှုများရှိနိုင်ပါကြောင်း။

သို့ဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သတ်မှတ်ထားသည့် အချိန်ကာလထက်ကျော်လွန်၍ ခွင့်မဲ့ပျက်ကွက်မှုများဖြစ်ပေါ်လာပါက ယင်းကဲ့သို့ ခွင့်မဲ့ပျက်ကွက်ရခြင်းသည် ကာယကံရှင်၏ ပယောဂကြောင့်ဖြစ်သည် သို့မဟုတ် သဘာဝဘေးအန္တရာယ်များနှင့် အခြားမမျှော်လင့်နိုင်သည့် အကြောင်းများကြောင့် ဖြစ်ရသည်ဟူသော အချက်များကို စနစ်တကျလေ့လာစုံစမ်းမှုများ ပြုလုပ်သင့်ပါကြောင်း၊ ထိုသို့ လေ့လာစုံစမ်းမှုများ ပြုလုပ်ပြီး သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ ပယောဂကြောင့် ဖြစ်သည်ဟူသောအချက်ပေါ်လွင်ထင်ရှားလာမှသာ ကိုယ်စားလှယ်နေရာလစ်လပ်သည်ဟု ကြေညာရေးကို ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့နှင့် စပ်လျဉ်းသည့် အခြားသော အဆိုပြုချက်များဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များ လစ်လပ်မှုရှိစေကာမူ သက်ဆိုင်ရာလွှတ်တော်များ၏ လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိခြင်း၊ လွှတ်တော်များ၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကိုထုတ်ပြန်ခြင်း၊ လွှတ်တော်များတွင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းများကို စတင်တင်သွင်းခွင့်ရှိခြင်း၊ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့်နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေများကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြခြင်း၊ အဆိုပါတင်ပြချက်များသည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်းတွေ့ရှိရပါက ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန် အဆိုတင်သွင်းနိုင်ခြင်းနှင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်သို့တင်ပြနိုင်ခြင်း၊ ဥပဒေများကို ဆွေးနွေးဆုံးဖြတ်ခြင်းတို့နှင့်စပ်လျဉ်းသည့် အဆိုပြုချက်များသည် လျော်ကန်သင့်မြတ်မှုရှိသဖြင့် တစ်စုံတစ်ရာ ဖြည့်စွက်ဆွေးနွေးရန်မရှိပါကြောင်း တင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့၏လုပ်ငန်းတာဝန်သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ဖော်ပြချက်များသည် ပြည့်စုံလုံလောက်မှုရှိသည်ကို တွေ့ရှိရပါသဖြင့် လျော်ကန်သင့်မြတ်ကြောင်းတင်ပြအပ်ပါကြောင်း။

ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြား၍တက်ရောက်သည့် ပုဂ္ဂိုလ်များအနေဖြင့် လွတ်လပ်စွာပြောဆိုခွင့်ရှိကြောင်းနှင့် အဆိုပါပုဂ္ဂိုလ်များသည် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏အပိုင်းတွင် ဆွေးနွေးတင်ပြခဲ့သည့်နည်းတူ ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ပါရန် ဆွေးနွေးတင်ပြအပ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအား ဖမ်းဆီးခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့်သတ်မှတ်ချက်များနှင့် သက်ဆိုင်ရာ လွှတ်တော်များကဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့်မရှိကြောင်း သတ်မှတ်ချက်များသည် လျော်ကန်သင့်မြတ်ကြောင်းတွေ့ရှိရပါကြောင်း။

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့နှင့်စပ်လျဉ်းသည့်အဆိုပြုချက်များသည် သက်ဆိုင်ရာလွှတ်တော်များအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို အောင်မြင်ချောမောစွာဖော်ဆောင်နိုင်ရေး၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့အကြား အခြေခံဥပဒေနှင့်အညီ အချိတ်အဆက်မိမိ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်တင်ပြထားခြင်းဖြစ်ကြောင်းတွေ့ရှိရသဖြင့် လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် စပ်လျဉ်း၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်နိုင်ရန် အချက် ၂၃ ချက်နှင့် အပိုဒ်ခွဲများအပါအဝင် အချက်ပေါင်း ၅၈ ချက် ပါရှိကြောင်း တွေ့ရှိရပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သက်တမ်းကို ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့်နေ့ကိုသတ်မှတ်ပြီး ပထမအကြိမ်ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်သက်တမ်း စတင်သည့်နေ့မှ ၁၅ ရက်အတွင်း ကျင်းပရေး၊ ပထမအကြိမ်ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပပြီး နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌများက ခေါ်ယူကျင်းပရေး၊ လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုရေး၊ ပုံမှန်အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပရေး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး၌ ဆောင်ရွက်ရန်ကိစ္စရပ်များ သတ်မှတ်ရေး၊ အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးများကျင်းပရေး၊ အစည်းအဝေးအထမြောက်ရေး၊ မဲခွဲဆုံးဖြတ်ရေးတို့နှင့် စပ်လျဉ်းသည့် အချက်များမှာ ပြည့်စုံမှုရှိသည့်အပြင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အပိုင်းများ၌ ပါရှိသည့် အချက်များနှင့် လိုက်လျောညီထွေရှိစေရန် ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် တစ်စုံတစ်ရာ ဖြည့်စွက်ဆွေးနွေးရန် မရှိပါကြောင်း တင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးတစ်ရပ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ရက် တစ်ဆက်တည်းပျက်ကွက်လျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု ကြေညာနိုင်ကြောင်း ပါရှိပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသူများဖြစ်သည့်အလျောက် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် နှိုင်းယှဉ်ပါက ဆက်သွယ်သွားလာရေး လွယ်ကူသည်ဟု ဆိုနိုင်ပါကြောင်း၊ သို့ဖြစ်၍ ခွင့်ပြုချက်မရှိဘဲ အစည်းအဝေးတက်ရောက်ရန် တစ်ဆက်တည်းပျက်ကွက်မှုကာလ ၁၅ ရက် သတ်မှတ်ခြင်းမှာ လျော်ကန်သင့်မြတ်ပါကြောင်း။

သို့ရာတွင် ယင်းကဲ့သို့ ခွင့်မဲ့ပျက်ကွက်မှုကြောင့် သက်ဆိုင်ရာကိုယ်စားလှယ်နေရာများ လစ်လပ်ကြောင်း ကြေညာနိုင်ခြင်းနှင့် စပ်လျဉ်း၍မူ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များနည်းတူ ပျက်ကွက်ရခြင်းအကြောင်းရင်းများကို အသေအချာလေ့လာပြီး သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ ပယောဂကြောင့် ဖြစ်ပေါ်ခဲ့ရသည်ဟု သေချာသည့် အခါမှ ကိုယ်စားလှယ်နေရာ လစ်လပ်မှုကို စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထုတ်ပြန်ဆောင်ရွက်သွားသင့်ပါကြောင်း။

ကိုယ်စားလှယ်နေရာအချို့လစ်လပ်နေစေကာမူ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လုပ်ငန်းများကို ဆောင်ရွက်နိုင်ခွင့်၊ အစည်းအဝေးသို့ တက်ရောက်ခွင့်မရှိဘဲ တက်ရောက်ခဲ့သူပါဝင်ပြီး တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များ ***စာမျက်နှာ ၁၃ ကော်လံ ၁***

အသေးစိတ်အခြေခံရမည့်မူများသည် အမျိုးသားညီလာခံကြီးက အတည်ပြုချမှတ်ခဲ့ပြီးဖြစ်သည့် အမျိုးသားညီလာခံ၏ ဦးတည်ချက် (၆) ရပ်နှင့် အခြေခံမူ (၁၀၄) ချက် ဘောင်အတွင်းအကျုံးဝင်ကြောင်းတွေ့ရ

စာမျက်နှာ ၁၂ မှ

ပျက်ပြယ်ခြင်း မရှိစေမှု၊ တားမြစ်ချက် များမှအပ အခြားဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်နိုင်ခွင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်းတွင် ဖော်ပြထားသော ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း၊ အာဏာသက်ရောက်စေရန် ဥပဒေပြဋ္ဌာန်းခွင့်ရှိသည်ဟူသော အချက်များသည်လည်း ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့အတွက် သတ်မှတ်ထားချက်များနှင့် ဆီလျော်ကိုက်ညီမှုရှိစေရန် စီမံဆောင်ရွက်ထားခြင်းဖြစ်သဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများထုတ်ပြန်ခွင့် အပ်နှင်းနိုင်မှု၊ ယင်းထုတ်ပြန်ချက်များသည် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရပါက ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန် ဆောင်ရွက်နိုင်မှုတို့သည် ပြည့်စုံမှုရှိသည့်အပြင် ဗဟိုအဆင့် လွှတ်တော်များအပိုင်း၌ ပါရှိသည့်အချက်များနှင့် လိုက်လျောညီထွေရှိစေရန် ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း။

သို့ရာတွင် သက်ဆိုင်ရာဥပဒေပါ အနှစ်သာရများနှင့် ကွဲလွဲမှုရှိသဖြင့် ပြင်ဆင်ခြင်း၊ သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍မူ ပြည်ထောင်စုလွှတ်တော်အပိုင်း၌ ဆွေးနွေးအကြံပြုခဲ့သည့်အတိုင်း ထိုကဲ့သို့ မှားယွင်းဆောင်ရွက်ခဲ့မှုများသည် သဘောရိုးဖြင့် မှားယွင်းခြင်း ဟုတ်မဟုတ်နှင့် ယင်းသို့မှားယွင်းမှုကြောင့် ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် နစ်နာဆုံးရှုံးမှုအနေအထားများကို လေ့လာစိစစ်ဆောင်ရွက်မှုများ ပြုလုပ်သင့်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူမည့် ကိစ္စရပ်များ၊ သဘောတူညီမှုရယူမည့်ကိစ္စရပ်များ၊ အတည်ပြုချက်ယူမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဖွဲ့အစည်းများ၏ မိမိတို့နှင့်သက်ဆိုင်ရာ ဥပဒေကြမ်းများ တင်သွင်းခွင့်တို့နှင့် စပ်လျဉ်းသည့် အချက်အလက်များသည်လည်းကောင်း၊ ဥပဒေကြမ်းများ တင်သွင်းသည့် ကိစ္စရပ်များနှင့်လည်းကောင်း ပါရှိသည့်အချက်များသည် လျော်ကန်သင့်မြတ်ပါကြောင်း၊ သို့ရာတွင် ရငွေ သုံးငွေလျာထားချက်များနှင့် စပ်လျဉ်းပြီး–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေ သုံးငွေလျာထားချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်"

ဟု ပါရှိပါကြောင်း။

ယင်းအချက်နှင့်စပ်လျဉ်း၍ အနည်းငယ်ဆွေးနွေးတင်ပြလိုပါကြောင်း၊ ဖော်ပြပါစကားရပ်များအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အနေနှင့် ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းများ ပြုလုပ်ရန်မလိုဘဲ အဆုံးအဖြတ်ပေးရမည့်သဘောမျိုး သက်ဝင်နေပါကြောင်း။

ပြည်ထောင်စုလွှတ်တော်တွင် နှစ်စဉ်အရအသုံး ခန့်မှန်းခြေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများ တင်သွင်းခွင့်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ပါရှိပါကြောင်း၊ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းသည် ပြည်ထောင်စုလွှတ်တော်အတွက် အရေးကြီးသကဲ့သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေသုံးငွေလျာထားချက်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက်လည်း များစွာအရေးကြီးပါကြောင်း၊ အပြေအလည်ဆွေးနွေးမှုနှင့် ညှိနှိုင်းမှုများ ပြုလုပ်သွားသင့်ပါကြောင်း၊ သို့ဖြစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မှ ရငွေသုံးငွေလျာထားချက် တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ "ဆွေးနွေး" ဟူသော စကားရပ်ကို ထပ်မံဖြည့်စွက်ပြီး အောက်ပါအတိုင်း ရေးသားသင့်သည်ဟု သဘောရရှိပါကြောင်း။

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေသုံးငွေလျာထားချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တင်သွင်းလာလျှင် ဆွေးနွေးအဆုံးအဖြတ်ပေးရမည်"

ထို့အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ဆောင်ရွက်ရမည့်လုပ်ငန်းများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် ဆက်သွယ်ဆောင်ရွက်ရမည့် လုပ်ငန်းများအကျုံးဝင်ပါရှိပါကြောင်း၊ ဗဟိုအဆင့်၌ သမ္မတအနေဖြင့် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေကြမ်းများအား လက်မှတ်ရေးထိုးထုတ်ပြန်ရေးကိုဆောင်ရွက်ရာတွင် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ မိမိ၏ သဘောထားမှတ်ချက်ကို ပေးပို့ညှိနှိုင်းခွင့်ရှိပါကြောင်း။

နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏အကြီးအကဲဖြစ်သကဲ့သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည်လည်း သက်ဆိုင်ရာတိုင်းသို့မဟုတ် ပြည်နယ်၏အကြီးအကဲအဖြစ် ယူဆနိုင်ပါကြောင်း၊ အကြီးအကဲများက လွှတ်တော်မှပေးပို့လာသော ဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့နိုင်သော်လည်း လွှတ်တော်ကသာ ပြင်ဆင်ချက် လို မလို ဆုံးဖြတ်နိုင်ပြီး မလိုအပ်ပါက မူရင်းအတိုင်းပြဋ္ဌာန်းနိုင်ခွင့်ရှိပါကြောင်း၊ အကြီးအကဲများသည် အချိန်တိုအတွင်း တစ်စုံတစ်ရာထူးခြားဖြစ်ရပ်များ ပေါ်ပေါက်၍ ပြင်ဆင်ချက်ပြုလုပ်ရန်ဖြစ်လျှင် နိုင်ငံတော်အတွက်နှင့် ဒေသအတွက် အကျိုးဖြစ်ထွန်းဖွယ်ရာသာရှိသဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပေးပို့လာသည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်းပြီး မိမိတို့၏ ဆန္ဒသဘောထားများကို ပေးပို့ညှိနှိုင်းခွင့်ပြုသင့်သည်ဟု သဘောရရှိပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့အဖွဲ့အစည်းနှင့် သက်ဆိုင်သောဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာလွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိပြီး လွှတ်တော်ကိုယ်စားလှယ်မဟုတ်သည့် အဖွဲ့အစည်းဝင်များအား ရှင်းလင်းပြောဆိုဆွေးနွေးခွင့်ပြုထားခြင်းတို့သည် လျော်ကန်သင့်မြတ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥက္ကဋ္ဌ၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များသည် ဗဟိုအဆင့်လွှတ်တော်ဥက္ကဋ္ဌများ၏ လုပ်ငန်းတာဝန်များနှင့် ဆီလျော်မှုရှိသည့်အပြင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်၏ လုပ်ငန်းများ ဖော်ဆောင်နိုင်ရေးကို ဖြစ်ပေါ်စေနိုင်သဖြင့်လျော်ကန်သင့်မြတ်ပါကြောင်း တင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်မှ အဖွဲ့ဝင်များအား လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်များ ပြုထားခြင်းမှာ လျော်ကန်သင့်မြတ်ပါကြောင်း သို့ရာတွင် အဆိုပါ အခွင့်အရေးများကို ကျင့်သုံးရာ၌ ကိုယ်ထိလက်ရောက် ကျူးလွန်မှုများ ရှိခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အပိုင်း၌ ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုချက်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်နှင့်စပ်လျဉ်း၍လည်း အောက်ပါအတိုင်း ဖြည့်စွက်မှုများ ပြုလုပ်သင့်ပါကြောင်း–

"အထက်ပါအပိုဒ်ခွဲ(က)နှင့် (ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကိုကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ လုပ်ထုံးလုပ်နည်းများနှင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်"

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ကော်မတီနှင့် အဖွဲ့အစည်းဝင်များအား အစည်းအဝေးတက်ရောက်နေစဉ်ကာလအတွင်း ဖမ်းဆီးရန်လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရန် တားမြစ်ချက်နှင့် အစည်းအဝေးကျင်းပချိန်မဟုတ်ပါက ဖမ်းဆီးခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာတင်ပြရန် ဟူသော အချက်များသည် ဗဟိုအဆင့်၌ ပါရှိသည့် အချက်များနှင့်လိုက်လျောညီထွေရှိသဖြင့် တစ်စုံတစ်ရာ ဖြည့်စွက်ဆွေးနွေးရန် မရှိပါကြောင်း တင်ပြအပ်ပါကြောင်း။

ထို့အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော် မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲပိုင်ခွင့်မရှိစေရဟူသောအချက်သည် သက်ဆိုင်ရာ လွှတ်တော်များ၏ ဆောင်ရွက်ချက်များကို အာမခံချက်ပေးထားခြင်းဖြစ်သဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့နှင့်စပ်လျဉ်းသည့် အဆိုပြုချက်များသည် သက်ဆိုင်ရာလွှတ်တော်များအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဦးတည်ထားသည့်အပြင် ဗဟိုအဆင့်လွှတ်တော်အဖွဲ့အစည်းများနှင့် အခြေခံဥပဒေနှင့်အညီ အချိတ်အဆက်မိမိ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စေရေးကို ရည်ရွယ်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် လျော်ကန်သင့်မြတ်မှုရှိကြောင်း တင်ပြအပ်ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများသည် ကမ္ဘာ့နိုင်ငံအချို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို သေချာစွာလေ့လာစိစစ်ပြီး မိမိတို့တိုင်းပြည်၏ ပကတိအခြေအနေများနှင့်လည်း ဆီလျော်ကိုက်ညီမှုရှိကြောင်း တွေ့ရပါကြောင်း၊ ထို့အပြင် အဆိုပါအသေးစိတ်အခြေခံရမည့်မူများသည် အမျိုးသားညီလာခံကြီးက အတည်ပြုချမှတ်ခဲ့ပြီးဖြစ်သည့် အမျိုးသားညီလာခံ၏ ဦးတည်ချက်(၆)ရပ်နှင့် အခြေခံမူ (၁၀၄)ချက်ဘောင်အတွင်း အကျုံးဝင်မှုများရှိကြောင်း တွေ့ရှိရပါကြောင်း။

သို့ဖြစ်၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်သွင်းခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် လွှတ်တော်အသီးသီးတို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးတို့နှင့်စပ်လျဉ်းသည့် တင်ပြချက်များသည် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်ရန်သင့်တော်မှုများရှိပါကြောင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို ရှေးရှု၍ မိမိတို့ပါတီ၏ဆွေးနွေးချက်နှင့် အကြံပြုချက်များကိုလည်း သင့်လျော်သလို ထည့်သွင်းစဉ်းစားပေးပါရန်ဖြစ်ကြောင်းဖြင့် တင်ပြသွားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၃-၁-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ကဗျာပန်းဥယျာဉ်
၈း၀၀	၆။	အကပြိုင်ပွဲ
၈း၁၀	၇။	ကွန်ချောင်းရေလှောင်တမံ
၈း၂၀	၈။	(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
၁၆း၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၆း၅၅	၅။	ခံစားနားဆင် တေးဓာတ်ဝင်
၁၇း၀၅	၆။	သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၇း၁၅	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀	၈။	ညနေခင်းသတင်း
၁၈း၃၀	၉။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၀။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"** (အပိုင်း–၅၂)
၁၉း၀၀	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်လှေကား ထစ်လေးများ"** (အပိုင်း–၂၇)
၁၉း၃၀	၁၂။	(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၄၅	၁၃။	အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရေးရှု **"ကွန်ရက်အလား ဖြန့်ကြက်ထား ကျေးလက်လမ်းနှင့် တံတားများ"**
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သူ့လက်ဆောင်"** (အပိုင်း–၂၄) [ဇာတ်သိမ်းပိုင်း]
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

ပညာရေးစုံညီပွဲတော်

(၁–၃၊ ဇန်နဝါရီလ၊ ၂၀၀၆)

မြန်မာနိုင်ငံတစ်ဝန်းကျောင်းအားလုံးပါဝင်ဆင်နွှဲစို့

SCHOOL FAMILY DAY

(1-3 JANUARY 2006)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၁-၂၀၀၆ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ဉာဏ်ရည်ထက်မြက်သန်စွမ်းစေဖို့ မျိုးဆက်သစ်တို့ ရွက်လွှင့်ကြစို့
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	Learning English (Tools)
၇း၄၅	ပြည်တွင်းသတင်းအကျဉ်း
၇း၅၀	သစ်ကောင်းတစ်ပင် (ရန်ပိုင်စိုး၊ မောင်ဂဠုန်)
၈း၀၅	မိုးလေဝသခန့်မှန်းချက်
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	Sunday Talk
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၀	ကျန်းမာရေးနှင့်ညီညွတ်ဖို့ သန့်ရှင်းသောအစားအစာ စားကြစို့
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	လှည်းကူးမြို့နယ် ကျွန်းအထူးစိုက်ခင်း
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	ပြည်တွင်းသတင်းအကျဉ်း
၉း၅၅	စက်ဘီးစက်ရုံ(ကျောက်ဆည်)
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ဆူနာမီရေလှိုင်းကာကွယ်ရေးအကြောင်း သိကောင်းစရာ (ပထမပိုင်း)
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	အမှတ်(၃)သတ္တုတွင်းလုပ်ငန်း ပြည်ပသွင်းကုန်အစားထိုး သံသတ္တုစပ်နှင့် သံမဏိသွန်းထည်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း အကြောင်း သိကောင်းစရာ
၁၁း၀၀	ဗွီစီဒီမိတ်ဆက် (မုန်းလို့မရတဲ့ချစ်သူတွေ)
၁၁း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅	စိုက်ပျိုးလေ့လာမှုသင်တန်းမှာ
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	ဘိုင်းဒါးတံတား
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၂၂း၂၅	Arsenal-Man: United	5-Sports(Live)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

အနောက်တောင်တိုင်းစစ်ဌာနချုပ်
ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ+ဒေါ်ခင်သောင်းတို့၏သား

မောင်ရဲမင်း(ခ)ရဲကျော်စွာဆွေ

B.A (English) Dip in Information Technology

စွမ်းအား ဆိုင်ကယ်ပစ္စည်းဆိုင်

နှင့်

ပုသိမ်မြို့၊ ပဒင်းတန်းလမ်း၊ အမှတ်(၃၂)နေ
(ဦးဘွန်ရှိန်)+ဒေါ်ခင်မြင့်တို့၏မြေး
ပုသိမ်မြို့၊ ရွှေဝတ်မှုံ(၁)ရပ်ကွက်၊ ရိပ်သာပတ်လမ်းအမှတ်(၁)နေ
ဦးပြည်အောင်+ဒေါ်ခင်အေးဆွေ (Golden Ace သောက်ရေသန့်)
တို့၏သမီး

မစုမွန်ဆွေ

B.A (English) (B.tech) Information Technology

တို့၏ ၃၁-၁၂-၂၀၀၅ရက်နေ့တွင် ပုသိမ်ဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ မင်္ဂလာလက်ဆောင်ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီးဒေါ်ခင်လေးသက်တို့အားလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်တို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့မေတ္တာဖြင့် ကြွရောက်ချီးမြှင့်ပေးပါသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၏ဇနီးဒေါ်နီနီဝင်းအားလည်းကောင်း၊ မင်္ဂလာလက်ဆောင်များပေးပို့ချီးမြှင့်ပေးပါသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီးဒေါ်သန်းသန်းနွဲ့၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးသော ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးသိန်းလှိုင်နှင့်ဇနီးဒေါ်သန်းသန်းလွင်တို့အားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးခဲ့သော ဧရာဝတီတိုင်း တိုင်းတရားသူကြီး ဦးသန်းမြိုင်နှင့် တိုင်းဥပဒေအရာရှိဦးရဲအောင်မြင့်၊ အသိသက်သေအဖြစ်ဆောင်ရွက်ပေးခဲ့သော ပုသိမ်တက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာညွန့်ဖေနှင့် ဇနီးဒေါ်နန်းချစ်ဆွေတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ တက်ရောက်ကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူး ဘိသိက်ပညာရှင်ဦးထိန်လင်း၊ အခါတော်ပေးတေးသီချင်းသီဆိုပေးသော မမြမြအောင်(ဟသ်ာတ)နှင့်ဂီတမှူး ဦးမင်းလွင်နှင့်ဦးကိုကြီးတို့၏ အနုပညာတေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မစုသက်နိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မဝင့်စန္ဒာဝင်း၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မယုဝင့်နိုင်၊ သတို့သားအရံအဖြစ် ဆောင်ရွက်ပေးသော မောင်ရန်နိုင်ဇော်နှင့်မောင်ကျော်စိုး၊ သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးသော မကျော့ကျော့ဆွေနှင့် မဇင်မာနိုင်၊ မိတ်ကပ် ဆံပင်အလှနှင့်ဝတ်စုံဒီဇိုင်းဖန်တီးရှင် ပွင့်(ရန်ကုန်)တို့အားလည်းကောင်း၊ ပန်းအလှဆင်ပေးသော နီနီ(ပွိုင့်) (ရန်ကုန်)အားလည်းကောင်း၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့(ရန်ကုန်)အားလည်းကောင်း၊ ပုသိမ်ဟိုတယ်မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသော်လည်း မင်္ဂလာလက်ဆောင်များပေးပို့ကြသည့် ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ စီစဉ်ဆောင်ရွက်ပေးကြသော မိတ်ဆွေသင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူများ အားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရဲမင်း-မစုမွန်ဆွေ

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တိုက် ၉၊ အခန်း ၂၀၃/၂၀၄၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာနေ
ဦးချစ်စံ(ချစ်စံဝင်း)-ဒေါ်မော်မော်(လမင်းအိမ်)တို့၏သား

ဒေါက်တာနေလင်း B.D.S (Ygn)

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်နေ
ဒုတိယဗိုလ်မှူးကြီးမြင့်ဦးရွှေ-ဒေါ်သီတာဆွေတို့၏သမီး

ဒေါက်တာနှောင်းဒါလီဦး B.D.S (Ygn)

တို့၏ ၃၀-၁၂-၂၀၀၅ရက် ညချမ်းတွင် Airport Oasis Garden၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပြီး မင်္ဂလာအောင်စပယ်ပန်းကုံးနှင့် လက်ထပ်လက်စွပ်တို့ကို ဆင်မြန်းဝတ်ဆင်ပေးသော ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွှန့်တို့အားလည်းကောင်း၊ ယင်းနေ့နံနက်က ဆီဒိုးနားဟိုတယ်၊ ဒဂုံခန်းမတွင် ပြုလုပ်ကျင်းပသောအခမ်းအနား၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော မင်္ဂလာဒုံမြို့နယ် တွဲဖက်မြို့နယ် တရားသူကြီး ဦးမင်းအောင်နှင့်အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးသော ဗိုလ်မှူးချုပ်ဇင်ယော်နှင့်ဇနီး ဒေါက်တာခင်သီရိ၊ ဦးထွန်းထွန်းဦးနှင့်ဇနီး ဒေါ်မာမာ၊ လူကြီးမိဘတို့အားလည်းကောင်း၊ ၂၇-၁၁-၂၀၀၅ရက်က နှစ်ဖက်သောမိဘများရှေ့တွင် တောင်းရမ်းမှုမင်္ဂလာပြုပေးသော ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ဆွေညွန့်၊ စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဦးမျိုးသန့်(မောင်ဆုရှင်)တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်အားပေးချီးမြှင့်သော စစ်ဘက်နယ်ဘက်မှဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး စာရေးဆရာကြီး ချစ်ဦးညို၊ မင်္ဂလာအခါတော်ပေးတေးသီချင်း သီဆိုပေးသော တေးသံရှင် ဒေါ်ရီရီသန့်နှင့်တေးသံရှင်များ၊ ဦးမောင်မောင်အေး(မောင်ဟေမာ)အမှူးပြုသော အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့၊ သတို့သားအရန် မောင်ချမ်းငြိမ်းဦးနှင့် သတို့သမီးအရန် ဒေါက်တာထင်လပြည့်ဝန်း၊ မင်္ဂလာစံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မမေပန်နှင်း၊ မင်္ဂလာပန်းကြဲပေးသော မခိုင်သဇင်ကျော်၊ လက်ဝတ်ရတနာများ ဆင်မြန်းပေးသော ဦးထွန်းထွန်းဦး ဇနီး ဒေါ်မာမာ(Jewel Rock)၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းရိုက်ကူးပေးသော မြဝတီရုပ်သံအဖွဲ့နှင့် ထုတ်လုပ်ရေး တပ်(ပြည်သူ့ဆက်ဆံရေး)ဓာတ်ပုံအဖွဲ့၊ ဓာတ်ပုံ ဦးထိန်ဝင်း၊ ရှမ်းကန်နှင့် ရွှေဘဲစားသောက်ဆိုင်များပိုင်ရှင် ဦးခင်မောင်ဦး မိသားစု၊ Airport Oasis Garden မှပိုင်ရှင်နှင့်တကွ ဝန်ထမ်းများ၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်နိုင်ခြင်းမရှိသော်လည်း နှုတ်အားဖြင့် မင်္ဂလာသတင်းစကားမေးမြန်းကြသူများ၊ မင်္ဂလာလက်ဆောင်ပစ္စည်းပေးပို့ကြသည့် ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလုံးကိုလည်းကောင်း ဝမ်းပန်းတသာ အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာနေလင်း-ဒေါက်တာနှောင်းဒါလီဦး။

တရားပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

နယ်လှည့် သာသနာပြု ဓမ္မကထိက မြတ်မာဆရာတော်သည် ဓမ္မခရီးစဉ်များအဖြစ် ဇန်နဝါရီ ၃ရက်တွင် သာကေတမြို့နယ် ၃/ရန်ပြေ သာသနာဟိတဓမ္မာရုံ၊ ဇန်နဝါရီ၄ရက်နှင့် ၇ရက်များတွင် ကျောက်တန်းမြို့ မြတ်စောညီနောင် ဘုရားရင်ပြင်တော်ဓမ္မာရုံ၊ ဇန်နဝါရီ၅ရက်တွင် ဒေါပုံမြို့နယ် နကုလဆွမ်းလောင်းဓမ္မာရုံနှင့် ဇန်နဝါရီ၁၃ရက်တွင် အောင်လံမြို့နယ် ပြလို့စံပြကျေးရွာ အောင်ဝေယံစာသင်တိုက်တို့တွင် တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မီးကြွင်းမီးကျန်
မရှိရန်
ကျင့်ကြံသတိ
အမြဲရှိ

ကုက္ကိုင်း ရေကူးအသင်းမှ ကြီးမှူး၍

လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု ကြိုဆိုပွဲအဖြစ် အသင်း နှစ် ပတ် လည် ရေကူးပြိုင်ပွဲကို ၃-၁-၂၀၀၆ရက် မွန်းတည့် ၁၂နာရီမှ စတင်ကျင်းပ အပြီး မြန်မာနိုင်ငံတွင် တစ်ခါမှ မပြဖူးသေးသော ထိုင်းနိုင်ငံ ရေကူးအဖွဲ့၏ ရေထဲက ဘဲလေး (Synchronized Swimming) သရုပ်ပြပွဲနှင့် Aurora တေးဂီတအဖွဲ့နှင့် နာမည်ကြီး တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်ပွဲ-

အသင်းသားများ အသင်းဝင်ကတ်ပြားများ ယူဆောင်လာကြရန်။

ကျင်းပမည့်နေရာ - ကုက္ကိုင်းရေကူးကန်
နေ့ရက် - ၃-၁-၂၀၀၆
အချိန် - ၁၆း၀၀နာရီမှ ၂၂း၀၀နာရီ။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကာကွယ်ရေးဝန်ကြီးဌာနမှ
ဗိုလ်မှူးကြီးတင့်ဆွေနှင့် ဒေါ်ခင်အေးတင့်(အထပြ၊ ငြိမ်း)တို့၏တစ်ဦးတည်းသောသား

မောင်မျိုးမင်းဦး B.E (Electronic)

Exective Director (Atomic Digital Art)

နှင့်

ရန်ကုန်မြို့နေ ဦးတင်ဝင်းနှင့် ဒေါ်ချိုချိုဝင်းတို့၏သမီးကြီး

မဝတ်ရည်ဝင်း Final Year(English), DBS(UK)

Corbis Garment

တို့၏ ၂၄-၁၂-၂၀၀၅ရက် Yuzana Garden Hotel၌ကျင်းပသော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့်ဇနီး ဒေါ်ခင်ဆွေမြင့်(ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်သော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်းအားလည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့်ဇနီး ဒေါက်တာဒေါ်ရီရီထွေးအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့သော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုံးအားလည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့်ဇနီး ဒေါ်စန်းစန်းအားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများအားလည်းကောင်း၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာလက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းတရားရုံး တွဲဖက်တိုင်းတရားသူကြီး(၁၂) ဦးစောစံလင်းအားလည်းကောင်း၊ မေတ္တာဖြင့် ဗီဒီယိုရိုက်ကူးပေးသော ကိုမျိုးဆွေသန်း(ဆရာကျောင်း)၊ မေတ္တာဖြင့် ဓာတ်ပုံရိုက်ကူးပေးသော ကိုခင်မောင်လေး(The Pictureman)၊ ကိုအေးဇော်မိုး(စက်မှု)၊ ပြည်မြန်မာ ကိုအောင်အောင်ဟိန်းတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မအေးမို့မို့အားလည်းကောင်း၊ ရပ်နီးရပ်ဝေးမှ နေ၍ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးမင်းဦး-မဝတ်ရည်ဝင်း။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်၊ ၅၉လမ်း၊ ဘီ ၁၁ နေ
ဦးအောင်မောင်း(လက်ထောက်တိုင်းရောင်းဝယ်ရေးအရာရှိ၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ မန္တလေးတိုင်း)-ဒေါ်ခင်ခင်စိုးတို့၏သားကြီး

ဗိုလ်ပြည့်ဖြိုးအောင် M.A (Eng), D.S.A

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဘုရင့်နောင်ရိပ်သာ ၄ လမ်း၊ အမှတ် ၁၃၀ နေ
ဗိုလ်ကြီးဝင်းအောင်(ငြိမ်း)၊ (ညွှန်ကြားရေးမှူး၊ ပင်စင်ဦးစီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)-ဒေါ်တင်တင်ရီ(အလပြ၊ ငြိမ်း)တို့၏သမီးကြီး

မထက်နေခြည်အောင် (B.Pharm) Yangon

တို့၏ ၅-၁၁-၂၀၀၅ရက်တွင် တရားရုံးချုပ် ရန်ကုန်မြို့၌ မင်္ဂလာလက်ထပ်စာချုပ်ကို မော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့်ဇနီး ဒေါ်ခင်မာအားလည်းကောင်း၊ ၆-၁၁-၂၀၀၅ရက်တွင် မင်္ဂလာသတို့သမီးနေအိမ်၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ၁-၁-၂၀၀၆ရက်တွင် Summit Parkview Hotel၌ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့်ဇနီး ဒေါ်သီတာဝင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိန်တင်ဝင်းနှင့် ဇနီး ဒေါ်သင်းသင်းမြတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ The Aces တေးဂီတအဖွဲ့နှင့် မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးသော တေးသံရှင်များ၊ လက်ဝတ်ရတနာများကို မေတ္တာဖြင့်ဆင်မြန်းပေးသောဒေါ်မြင့်မြင့်အေး၊ မင်္ဂလာပန်းကြဲပေးသော မခင်ရွှန်းလဲ့ဆွေအောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မငြိမ်းငြိမ်းဝင့်အောင်၊ သတို့သားအရန် ဗိုလ်တေဇစိုး၊ သတို့သမီးအရန် မအေးနန္ဒီ၊ မင်္ဂလာဝတ်စုံဖန်တီးရှင် ဦးခင်မောင်ဇင်(ကိုကိုဖက်ရှင်)၊ မိတ်ကပ်ဆံပင်အလှဆင်ပေးသော ကိုမာ၊ ဗီဒီယိုရိုက်ကူးပေးသော မော်နီကျော်နှင့်အဖွဲ့၊ မေတ္တာဖြင့် ဓာတ်ပုံရိုက်ကူးပေးသော ကိုမင်းဇာနည်ဇော်နှင့်အဖွဲ့၊ Summit Park View Hotel မှဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသူများနှင့် မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ပြည့်ဖြိုးအောင်-မထက်နေခြည်အောင်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် ယ/၉၀၁၁၆ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ ပျောက်ဆုံးသွားသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်နေ့မှစ၍ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး(မှူဆယ်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ခရိုင်ရုံး(မှူဆယ်)။**

ပျဉ်းမနားမြို့၌ ကျပန်းစကားပြောပြိုင်၊ ဆုပေးအပ်ချီးမြှင့်

ပျဉ်းမနား ဒီဇင်ဘာ ၂၈

ပျဉ်းမနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး ကျင်းပသည့် (၆၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် မြို့နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက ကန်တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး တင်ထွေ၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးခင်မောင်ဌေးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အသင်းဝင်များနှင့် ရပ်ကွက်/ကျေးရွာ အသင်းဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး တင်ထွေက အမှာစကားပြောကြားပြီး **(ယာပုံ)** မြို့နယ်အသင်း အတွင်းရေးမှူးက ပြိုင်ပွဲကျင်းပမှုနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

ထို့နောက် ပြိုင်ပွဲတွင် ပထမဆုရ မောင်လဝန်းယံ၊ ဒုတိယဆုရ မသန္တာကျော်နှင့် တတိယဆုရ မအိအိလွင် တို့အား မြို့နယ်အသင်းအတွင်းရေးမှူးနှင့် အမှုဆောင်များက ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(က-ပ)**

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဇက္ကလိပ်ကျေးရွာ လေးလက်မ အဝီစိတွင်း တူးဖော်ပြီးစီးမှုကို ဒီဇင်ဘာ ၂၅ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

ပခုက္ကူ ဒီဇင်ဘာ ၂၉

ပခုက္ကူမြို့နယ် ကျတ်ထိုးကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၆ ရက်က အခြေခံပညာ အလယ်တန်းကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဖေ၊ မြို့နယ် ဦးစီးမှူး ဒေါ်ဝင်းမေ၊ ကျတ်ထိုးကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်ဟန်၊ အဖွဲ့ဝင် (၁)ဦးခင်မောင်ကြည်၊ အခြေခံပညာ အလယ်တန်း ကျောင်းအုပ်ဆရာမကြီး နှင့် ဆရာမများ၊ စာကြည့်တိုက် ၁၃ တိုက်မှ စာကြည့်တိုက်မှူးနှင့် တာဝန်ခံ များ တက်ရောက်ကြသည်။

အပြန်အလှန်ဆွေးနွေး

အခမ်းအနားတွင် ခရိုင်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဖေက ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ရေးနှင့် ရေရှည် တည်တံ့ရေး ဆောင်ရွက်ရမည့်လုပ်ငန်း စဉ် (၇)ရပ်ကို ခေါင်းစဉ်အလိုက် အပြန်အလှန် ဆွေးနွေးကြသည်။ မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းမေက စာကြည့် တိုက် ပညာရပ်များနှင့် စာကြည့်တိုက်မှူး များ၏ တာဝန်ဝတ္တရားများကို အပြန် အလှန် ဆွေးနွေးကြသည်။

လက်တွေ့ပြသ

ထို့နောက် ကျတ်ထိုးကျေးရွာ ရောင်ခြည်ဦး စံပြစာကြည့်တိုက်တွင် လုပ်ငန်းများ လက်တွေ့ပြသ ရှင်းလင်း ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တွန်ပလွန်-သရက်ကုန်းကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်း

ပုသိမ် ဒီဇင်ဘာ ၂၉

၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း ပုသိမ်မြို့နယ်စည်ပင်သာယာရေး အဖွဲ့က ဆောင်ရွက်သော ကျေးလက်လမ်းများအနက် တွန်ပလွန်-သရက်ကုန်း ကျေးရွာချင်းဆက်လမ်း အရှည်နှစ်မိုင်ကို ကျေးလက်ကျောက်ချောလမ်း ဆောင်ရွက်ရာသို့ ဒီဇင်ဘာ ၂၃ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးတင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ပုသိမ်မြို့နယ် စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် အင်ဂျင်နီယာမှူး ဦးစတင့်ဝေတို့က လုပ်ငန်းနှင့်ပတ်သက်သည့် အခြေအနေများကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

(၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အကြိုကလေးပြိုင်ပွဲကျင်းပ

ဒိုက်ဦး ဒီဇင်ဘာ ၂၉

ဒိုက်ဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်းတို့ပူးပေါင်း၍ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုကလေးပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က မြို့နယ်မိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်းရုံးခန်းမ၌ကျင်းပသည်။

ဆုပေးအပ်ချီးမြှင့်

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာဒေါ်စန်းစန်းညွန့်က ကလေးပြိုင်ပွဲ ကျင်းပရ ခြင်းနှင့် ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြော ကြားကာ ပြိုင်ပွဲတွင်ဆုရသော ကလေးတစ်ဦးကို အသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းက ဆုပေးအပ် ချီးမြှင့်ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

သီပေါမြို့နယ်၌ စာကြည့်တိုက် ရေရှည်တည်တံ့ရေးဆွေးနွေး ရေဒီယိုနှင့် သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်း

သီပေါ ဒီဇင်ဘာ ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ကိုယ့်အားကိုယ် ကိုး စာကြည့်တိုက်များ ရေရှည်တည် တံ့ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲနှင့် ရေဒီယို၊ စာအုပ်များလှူဒါန်းပွဲအခမ်း အနားကို ဒီဇင်ဘာ ၂၁ ရက်က နောင်အိန်ကျေးရွာအုပ်စု မြို့ဟောင်း ကျေးရွာပညာ့အလင်း စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် နောင်အိန် ကျေးရွာအုပ်စု အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်း စိန်က အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်း သာလှိုင်က စာကြည့်တိုက်များ ရေရှည် တည်တံ့ရေးနည်းလမ်းများကိုလည်း ကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေး ရှိန်က စာဖတ်ခြင်းမှရရှိသော ကျန်း မာရေးဆိုင်ရာ ဗဟုသုတများကိုလည်း ကောင်း၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်ကြင်မီက ခုခံအားကျ ဆင်းမှုကူးစက်ရောဂါ တားဆီးကာကွယ် ရေးအကြောင်းများကိုလည်းကောင်း ဟောပြောကြသည်။

လှူဒါန်း

ထို့နောက် မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က နောင်အိန် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးထွန်းစိန်သို့ ရေဒီယိုနှင့် သုတ၊ ရသစာအုပ်များနှင့် ဒို့ကျေးရွာဂျာနယ်များကို ပေးအပ်လှူ ဒါန်းကြောင်း သိရသည်။ **(၃၀၆)**

မြန်မာ့အသံ

၄-၁-၂၀၀၆၊ ဗုဒ္ဓဟူးနေ့ (လွတ်လပ်ရေးနေ့)

နံနက်ပိုင်း

၀၆:၃၀ လွတ်လပ်ရေးနေ့ တိုက်ရိုက်အသံလွှင့်အစီအစဉ်

နေ့လယ်ပိုင်း

၀၉:၃၅ ဟောပြောချက် (အစဉ်ထိန်းသိမ်းရမည့် အမျိုးသားရေးသမိုင်းအမွေ)
၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုးအစီအစဉ် (နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်း)
၁၂:၀၀ ယဉ်ကျေးမှုအနုပညာ (မြန်မာတို့အောင်ပွဲ-ဒေါ်စောမုံညင်း)
၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး (ကြီးပွားရေးလမ်းညွှန်-သဒ္ဓမ္မမဏ္ဍိုင်ဆရာတော်)

ညနေပိုင်း

၁၇:၃၀ အစာနှင့် အာဟာရ (ငါးနုသန်း)
၁၇:၄၅ အဆို၊ အက၊ အရေး၊ အတီးဆုရ အစီအစဉ် (ဧရာဝတီတိုင်းမှ မတင်နီလာဝင်းနှင့် ရန်ကုန်တိုင်းမှ မဆုဆုဝင်းမောင်တို့၏ စောင်းလက်သံ)
၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)မိသားစုကဗျာများ (ကို-တက္ကသိုလ်) (၂)၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်း သင်ရိုးညွှန်းတမ်း မြန်မာစာအထူးထုတ်(ဦးရဲဝေ-မြန်မာစာ)
၁၉:၁၅ ဆွေးနွေးခန်း (လွတ်လပ်ခြင်း၏ အရသာ-စာရေးဆရာကြီးပါရဂူ)

ကတ္တရာခင်း

ဒီဇင်ဘာ ၁၄ ရက်က အောင်လံမြို့(၆) လမ်းကတ္တရာခင်းခြင်း လုပ်ငန်းကို မြို့နယ်စည်ပင် သာယာရေး အဖွဲ့က ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မိုးမိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ညောင်ပင်စောက်-သရက်တောလမ်းခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၃၀ ရက်က အမှုဆောင်အရာရှိဦးကျော်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ကောင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ကွန်ဟိန်းမြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင်ရိုင်း တိုးချဲ့စိုက်ပျိုးရေးရှင်းလင်း

ကွန်ဟိန်း ဒီဇင်ဘာ ၂၅

မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်ပြီး ဘိုင်အိုကြက်ဆူဆီရရှိရေး ခြံစည်းရိုးကြက်ဆူပင်ရိုင်း ကွန်ဟိန်းမြို့နယ်လုံးကျွတ် တိုးချဲ့စိုက်ပျိုးရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)ဦးနယ်လ်ဆင်၊ လွိုင်လင်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းဆိုင်၊ မြို့နယ်အလုပ်အမှုဆောင်ဦးစိုင်းထွန်းကျော်၊ ဦးနေအောင်၊ ဦးစိုင်းမွန်းလူနှင့် ဦးအေးသိန်းတို့သည် ဒီဇင်ဘာ ၁၇ရက်က တာလီ၊ နောင်ငယ်၊ ဟိုပန်ကျေးရွာများသို့လည်းကောင်း၊ ဒီဇင်ဘာ ၁၈ ရက်က လိုက်ကမ်၊ ဆိုင်းမွန်း ကုန်းပေါင်းရွာများသို့လည်းကောင်း၊ ဒီဇင်ဘာ ၁၉ ရက်က ဖန်လန်း(တာကော်)၊ နမ့်မော်ငင်းကျေးရွာများသို့လည်းကောင်း လက်တွေ့သရုပ်ပြ ကြက်ဆူဆီဖြင့် ထွေလာဂျီမောင်းနှင်ပြသခြင်း၊ တိုးချဲ့ စိုက်ပျိုးနည်းများကို ရှင်းလင်းဆောင်ရွက်ကြရာ တိုင်းရင်းရှမ်းဘာသာဖြင့် အလုပ်အမှုဆောင် ဦးစိုင်းထွန်းကျော်က ပြန်လည်ရှင်းလင်းသည်။

ထိုသို့ ကြက်ဆူဆီဖြင့် သရုပ်ပြဆောင်ရွက်ရာ ကျေးရွာများမှ တောင်သူဦးကြီးများနှင့် ထွေလာဂျီစက်ပိုင်ရှင်များ တက်ရောက်ပြီး ခြံစည်းရိုးကြက်ဆူပင် တိုးချဲ့စိုက်ပျိုးရန် စိတ်ထက်သန်လျက်ရှိကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ သုဝဏ္ဏသီဂီ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဆရာတော် ကစ္စာယန အရှင်သူမြတ်နှင့် တပည့် ဦးဝါသေဋ္ဌတို့ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါးတရားတော်များကို ဟောကြားပြသရန် ဒီဇင်ဘာ၄ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်ပသာသနာပြုခရီး ကြွရောက်တော်မူရာ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ ပို့ဆောင်ဖူးမြော်ကြစဉ်။ (က-ပ)

သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်ခြံကို နိုဝင်ဘာ ၂၅ ရက်က ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

မော်လမြိုင်ကျွန်းမြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၃၀

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံသောအားဖြင့် မော်လမြိုင်ကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းအပြင် သန့်ရှင်းရေးစုပေါင်းဆောင်ရွက်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၇နာရီက မြို့နယ်ပြည်သူ့ဆေးရုံဝင်း၌ ကျင်းပသည်။

စုပေါင်းရှင်းလင်း

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအမှုဆောင်နှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်း၍ မြို့နယ်ပြည်သူ့ဆေးရုံဝင်း အတွင်းအပြင်တို့တွင် ပေါင်းမြက်များရှင်းလင်းခြင်း၊ မြေနိမ့်ချိုင့်ဝှမ်းမြေဖို့ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။ **(အောက်ပုံ)** **(ဝ၉၇)**

စာဆိုတော်နေ့စာပေဟောပြောပွဲ သန်လျင်၌ကျင်းပ

သန်လျင် ဒီဇင်ဘာ ၃၀

သန်လျင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ဦးစီး၍ ၁၃၆၇ခုနှစ် စာဆိုတော်နေ့ စာပေဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ရက် မွန်းတည့် ၁၂ နာရီက သန်လျင်မြို့ အထက(၁)ပတ္တမြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ဦးချစ်သန်းမြင့်က ရှင်းလင်းပြောကြား ပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ် ဇင်းအဖွဲ့က ပေးပို့သော ၁၃၆၇ခုနှစ် စာဆိုတော်နေ့ သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ညွန့် (ဟန်ညွန့်-ဥပဒေ)က ဖတ်ကြားပြီး မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင်ဌေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ စာရေးဆရာ ပျဉ်းမနား မောင်နီသင်း၊ စာရေးဆရာမ ကြူကြူသင်းနှင့် နန္ဒာမိုးကြယ်တို့က စာပေရေးရာများ ဟောပြောကြကြောင်း သိရသည်။ **(က-ပ)**

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းနှင့်ပတ်သက်၍ နိုဝင်ဘာ ၃ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးလှဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မျိုးဝေတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ကျန်းမာရေးပညာပေး ဆင့်ပွားသင်တန်းဖွင့်

မြင်းမူ ဒီဇင်ဘာ ၂၀

မြင်းမူမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းသည်မိခင်နှင့် ကလေးသေနှုန်း ကျဆင်းရေးကို ဦးတည်၍ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာအမူအကျင့်များ ပြောင်းလဲရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့် မျိုးဆက်ပွားကျန်းမာရေး ပညာပေးဆင့်ပွားသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးရွှေပြည်သစ်ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(ယာယီ)ဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးလင်းအောင်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ **(၁၆၇)**

အောင်ပန်း ညောင်ပင်ထောင်လမ်း ကတ္တရာခင်းရန် ကျောက်စီ

အောင်ပန်း ဒီဇင်ဘာ ၂၈

ကလောမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဆောင်ရွက်လျက်ရှိသော အောင်ပန်းမြို့ ညောင်ပင်ထောင်လမ်း ကတ္တရာခင်းရန် ကျောက်စီခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၁ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးမင်းအောင်မြင့်စိုးတို့ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

နောင်တရား ဘောလုံးအသင်း ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

နောင်တရား ဒီဇင်ဘာ ၂၀

တောင်ကြီးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်းဘောလုံးပြိုင်ပွဲတွင် မြို့နယ်အလိုက်ပြိုင်ပွဲ ပထမဒိုင်းဆုရ နောင်တရားမြို့ဘောလုံးအသင်းအား ဂုဏ်ပြု ချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၇ရက် နံနက်၁၀ နာရီက မြို့မအားကစားကွင်း၌ ကျင်းသည်။

ထို့နောက် ဆုရသူများအား ချီးမြှင့်ရန် တီကျစ်နဂါး ဘိလပ်မြေစက်ရုံက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာဦးစံဝင်းကလက်ခံရယူသည်။

ဆက်လက်၍ အောင်ပွဲရဘောလုံးသမားများအား တစ်ဦးချင်းစီဆုပေးရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ **(၃၆၉)**

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၁၅ရက်က မုဒုံမြို့နယ် မေတ္တာကာရီနာရေးကူညီမှုအသင်း အမှုဆောင်များ ဦးဆောင်၍ မုဒုံမြို့ ဘိုးဘွားရိပ်သာဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဒီဇင်ဘာ ၂၉ ရက်က လေးမျက်နှာမြို့ နယ် ဥက္ကဋ္ဌ ဦး ပေါက် ကျော်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အ သင်း ခေ တ္တ အ တွင်း ရေး မှူး ဦးသိန်းဇံ၊ မြို့နယ် စည် ပင် သာ ယာ ရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်းတို့ ဦးဆောင်၍ စည်ပင် ရုံး ဝန် ထမ်း များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ မြို့နယ်ပြည်သူ့ဆေးရုံ၌ သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

နှစ်သစ်တွင် မင်္ဂလာ အပေါင်းနှင့်ပြည့်စုံပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါသည်

NAING Group Construction Co.,Ltd.

၂၀၀၆ ဇန်နဝါရီ (၁)ရက်မှ (၁၅)ရက်အထိသာ

Refund Money

နိုင်ဂရု(ပ်)မှ တည်ဆောက်ပြီး / တည်ဆောက်ဆဲ နေရာကောင်းများရှိ တိုက်ခန်းများကို တည်ဆောက်စရိတ်တန်ဖိုးအရင်းအတိုင်း **တစ်ကြိမ်တစ်ခါမှ မရောင်းဖူးသေးသော ဈေးနှုန်း** ဖြင့် ရောင်းချပေးမှာဖြစ်ပါတယ်။ (သတ်မှတ်အခန်းအရေအတွက်သာ –)

ဘယ်လိုဈေးနှုန်းမျိုးနဲ့ ရောင်းချမှာလဲ ?

ဘယ်လိုနေရာ ကောင်း တွေလဲ ???

ဒီလိုနေရာကောင်းတွေမှာ သတ်မှတ်အခန်းများသာရောင်းမည်

နိုင်ဂရု(ပ်)၏ ဆန်းသစ်တီထွင်သော ဈေးရောင်းစနစ်

၂၅% လျှော့ပြီးတိုက်ခန်းများအနက် တစ်ခေါက်ပေါ်ပြီးပါအခန်းဝယ်ယူသူများအား

လျှော့ပြီးသားဈေးနှုန်းအပြင် (Refund Money)

ငွေပြန်အမ်းသော စနစ်ဖြင့် ရောင်းချပေးမည်။

Refund Money

ဘယ်လိုပြန်အမ်းငွေတွေ ပေးနေတာလဲ ???

- အမှတ်(၁၁၆/၁၁၈)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်– (၅)ခန်း
- အမှတ်(၁၈၂–၁၉၄)၊ ဗိုလ်တထောင်ဘုရားလမ်း ------------ (၅)ခန်း
- အမှတ်(၂)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ် ------------ (၄)ခန်း
- အမှတ်(၃၈–၄၀)၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ် ------------ (၃)ခန်း
- အမှတ်(၆၇–၆၉)၊ မွှေးရုံလမ်း၊ စမ်းချောင်း ------------ (၁)ခန်း
- အမှတ်(၅/၁၀)၊ ဖျိုင်းရေမိုးစင်လမ်း၊ တာမွေမြို့နယ် ----- (၁၀)ခန်း
- အမှတ်(၃၁)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ် ------- (၁)ခန်း
- အမှတ်(၈၃)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် – (၅)ခန်း
- အမှတ်(၅၂)၊ ၆၄ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ------- (၄)ခန်း
- အမှတ်(၉၁)၊ အောင်သုခလမ်း၊ ဟံသာဝတီမှန်၊ ကမာရွတ် ---- (၂)ခန်း
- လှူနေဆိုင်ခန်းများ ၊ အောင်မင်္ဂလာအဝေးပြေးဝင်း -------- (၃)ခန်း

ရောင်းချပေးမည့်အခန်းပေါင်း ၄၃ခန်း

- သိန်း(၁၀၀)နှင့်ရောင်းချသော အခန်းကို ပြန်အမ်းငွေကျပ်(၁၈)သိန်း
- သိန်း(၂၀၀)နှင့်ရောင်းချသော အခန်းကို ပြန်အမ်းငွေကျပ်(၃၈)သိန်း
- သိန်း(၃၀၀)နှင့်ရောင်းချသော အခန်းကို ပြန်အမ်းငွေကျပ်(၅၈)သိန်း
- သိန်း(၄၀၀)နှင့်ရောင်းချသော အခန်းကို ပြန်အမ်းငွေကျပ်(၇၈)သိန်း
- သိန်း(၅၀၀)နှင့်ရောင်းချသော အခန်းကို ပြန်အမ်းငွေကျပ်(၉၉)သိန်း

Special

ဘယ်လိုအထူးအစီအစဉ်တွေစီစဉ်ထားရှိလဲ !

အသင့်နေထိုင်နိုင်သော *အခန်းများ အနက်(၅)ခန်း* ကို ပထမအရစ်(၅၀%)ပေးချေပြီး အခန်းကိုလက်ဝယ်ပေးအပ်ကာ ကျန်ငွေကို *တစ်နှစ်အတွင်း အရစ်ကျပေးချေသည့် စနစ်* ဖြင့် ရောင်းချပေးပါမည်။

၂၀၀၆ နှစ်သစ်ကို ကြိုဆိုသော အားဖြင့် နိုင်ဂရု(ပ်)တိုက်ခန်းများကို စဉ်ဆက်မပြတ် ဝယ်ယူအားပေးလျက်ရှိကြသော မိတ်ဆွေများအား အမြတ်မယူ တည်ဆောက်စရိတ်အရင်းအတိုင်း အသက်သာဆုံး နှုန်းထားဖြင့် တိုက်ခန်းလက်ဝယ် ပိုင်ဆိုင်ခွင့်ရရှိစေရေး ရည်ရွယ်ပါသည်။

Head Office - အမှတ် (၁၈၃–၁၂၅) (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ...

Show Room - ရောင်းချမည့်တိုက်ခန်းတည်ရှိရာ Show Room နေရာများတွင်လည်း သွားရောက်၍ စုံစမ်း ကြည့်ရှုဝယ်ယူနိုင်ပါသည်။

ရန်ကင်း ပြည်သာယာရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်သော ကုသိုလ်ဖြစ်ဆေးခန်းအတွက် ဦးတင်အုန်း–ဒေါ်ညွန့်၊ သားကိုဇော်ထွန်းဦး မိသားစုက အလှူငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

ရွှေနံ့သာစံပြကျေးရွာ ဖြိုးစန္ဒာစာကြည့်တိုက် နှစ်ပတ်လည်နေ့ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာ ဖြိုးစန္ဒာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် နှစ်ပတ်လည်နေ့အခမ်းအနားကို ၂၀၀၅ ခုနှစ်ဒီဇင်ဘာ၂၂ရက်က ရွှေနံ့သာစံပြကျေးရွာခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးကျော်သန်းနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်အဖွဲ့ဝင်များ၊ အသင်းအဖွဲ့များမှ အဖွဲ့ဝင်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့ရေးနှင့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ရှင်းလင်းမှာကြားကြောင်း သိရသည်။

(အောက်ပုံ)(ခရိုင် ပြန်/ဆက်)

အမျိုးသားညီလာခံစုံညီအစည်းအဝေး မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ဆက်လက်ကျင်းပ
အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ဆွေးနွေးအကြံပြုချက်စာတမ်းများဖတ်ကြားတင်ပြ

ရန်ကုန် ဇန်နဝါရီ ၂

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသည်။

တက်ရောက်

အဆိုပါအမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ *စာမျက်နှာ ၅ ကော်လံ ၁* ●

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးစဉ်။ (ဝဲပုံ)နှင့် **အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။** (အောက်ပုံ)

(သတင်းစဉ်)

မြန်မာ့အလင်း (၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို



နယ်ချဲ့
ပရိယာယ်
အစဉ်
သတိပြု
ကာကွယ်

- ❑ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော် ဖြစ်ပေါ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူအချင်းချင်း ရိုင်းပင်းချစ်ကြည် စည်းလုံးညီညွတ်ကြရမည်။ မြန်မာပြည်သား၊ မြန်မာပြည်သူဟူသမျှ ကိုယ်စီကိုယ်င လုံ့လစိုက်ထုတ် အလုပ်လုပ်ကြရန်ဖြစ်သည်။ သယံဇာတပေါကြွယ်ဝသော အမိနိုင်ငံတော်ကို စည်းလုံးညီညွတ်မှုဖြင့်ဝိုင်းရံပြီး ငြိမ်းချမ်းသာယာမှုများ ခညောင်းစေကာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု မင်္ဂလာအပေါင်းနှင့်ပြည့်ဝအောင် နိုင်ငံ့သားကောင်း၊သမီးကောင်းများပီပီ ဦးလည်မသုန် ကြိုးပမ်းထမ်းရွက်ကြရပေမည်။
  (သီဟအောင်၏ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဆောင်းပါး (စာ-၆ နှင့် ၇))
- ❑ အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ဆက်သွယ်ရေးကဏ္ဍ (သတင်းဆောင်းပါး (စာ-၇))
- ❑ လွတ်လပ်ရေးအားမာန် (ခွန်ရဲသွေး(အေးသာယာ)၏ ကဗျာ (စာ-၇))